# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၉၀)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဆုံးရှုံးသွားသည့် လွတ်လပ်ရေးပြန်လည်ရရှိရန် အနှစ် ၁၀၀ ကျော် တော်လှန်ခဲ့ရ



မိမိတို့နိုင်ငံတော် အနှစ် ၂၀၀၀ ကျော် ကိုယ့်အမျိုးသားခေါင်းဆောင်နှင့် ကိုယ့်တရားဥပဒေ၊ ကိုယ့်ယဉ်ကျေးမှုဖြင့် ထည်ထည်ဝါဝါနေလာခဲ့ရာ ၁၉ ရာစုအကုန်တွင် ကျွန်ဘဝသို့ ကျရောက်ခဲ့ရတယ်၊ နှစ်ပေါင်း ၁၂၀ကျော် ရုန်းကန်တိုက်ပွဲဝင်ခဲ့ပြီးမှ လွတ်လပ်ရေးကိုရခဲ့တယ်။ လွတ်လပ်ရေးဆုံးရှုံးခြင်းမှာ ရက်သတ္တပတ်နှစ်ပတ်အတွင်း အရေးနိမ့်သွားရာက စခဲ့သော်လည်း ဆုံးရှုံးသွားသည့် လွတ်လပ်ရေး ပြန်လည်ရရှိဖို့ရာအတွက် အနှစ်၁၀၀ကျော် တော်လှန်ခဲ့ရတယ်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း
အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်မိန့်ခွန်းမှ–

# စီမံကိန်းများစံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေးနှင့် သတ်မှတ်ချိန်အမီပြီးစီးရေး ဆောင်ရွက် ရဲနွယ်ရေလှောင်တမံပြီးစီးပါက ဧက ၁၁၈၅၀၀ သို့ ဆည်ရေပေးဝေနိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက်၇နာရီ၄၅မိနစ်တွင် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအစပ်ရှိ ဝမ်းဘောဒက်တံတားသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁** ❐

# နိုင်ငံမတည်မငြိမ်ဖြစ်ရန်၊ ပြည်သူအထိတ်တလန့်ဖြစ်ရန်နှင့် နိုင်ငံတည်ဆောက်ရေးပျက်ပြားရန် ရည်ရွယ်ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်ထားသော ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ ပစ်မှတ်ထား NCGUB ဒေါက်တာစိန်ဝင်းကွပ်ကဲပြီး အခြားအဖျက်သမားအဖွဲ့များပူးပေါင်းကာ ဖောက်ခွဲဖျက်ဆီးခဲ့ လိုင်စင်မဲ့မော်တော်ယာဉ်များကို ၂၀၀၅ခုနှစ် မတ် ၃၁ ရက်နောက်ဆုံးထားပြီး နီးရာရဲစခန်းသို့အပ်နှံ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားသော ဒေသများသို့ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က မသမာသူအဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်ကြောင့် အပြစ်မဲ့ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာရရှိမှုဖြစ်စဉ်နှင့် အဆိုပါအဖျက်အမှောင့်လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေသော ပြည်တွင်းပြည်ပအဖျက်သမားအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်သဖြင့် မြန်မာနိုင်ငံဒေသအချို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမဦ့ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း)ဦးဝင်းတင်နှင့် စာတည်းမှူးချုပ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ဂျာနယ်နှင့်မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁** ■

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရေး စီမံကိန်းလုပ်ငန်းများ အားကြိုးမာန်တက် အကောင်အထည်ဖော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ကိုယ့်ခွန်ကိုယ့်အားဖြင့် တစ်နိုင်ငံလုံး ဖြန့်ကြက်အကောင်အထည်ဖော်လျက် ရှိသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်သွက်လက် မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်က အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး စီမံကိန်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဖော်ဆောင်လျက်ရှိသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာလ ၂၇ ရက်နေ့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂ / ၂၀၀၄)ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာ၌–

**“စီမံကိန်းလုပ်ငန်းကြီးများမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စီမံကိန်းများဖြစ်သည့်အလျောက် မြန်မြန်ပြီးစီးလေ တိုင်းပြည်အတွက် အကျိုးရှိလေဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ကြိုးစားပမ်းစားတည်ဆောက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍အစစအရာရာ အလေးထားကြပ်မတ်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများသည် သမိုင်းတင်ကျန်ရစ်မည်ဖြစ်၍ သမိုင်းကြောင်း၌ မှတ်တမ်းကောင်းကျန်ရစ်စေရန် အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်း”**

လမ်းညွှန် မိန့်ကြားသွားသည်။

စီမံကိန်းလုပ်ငန်းကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော စီမံကိန်းကြီးများဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က စီမံကိန်းများကို ခွင့်ပြုချမှတ်ပေးလိုက်သည်နှင့် တာဝန်ရှိသူအသီးသီးက တစ်ပြိုင်တည်း စတင်အကောင်အထည်ဖော်ပြီး စီမံကိန်းလုပ်ငန်းတစ်ခုလုံး မြန်မြန်ပြီးစီးအောင် အင်တိုက်အားတိုက် အကောင်အထည်ဖော်ကြရန် ဖြစ်သည်။

လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ အချိန်ကြန့်ကြာလျှင် ကုန်ကျစရိတ် ပိုမိုများပြားနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ သတ်မှတ်လျာထားချိန်ထက် လုပ်ငန်းများဆောလျင်စွာ ပြီးစီးအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းများဆောင်ရွက်ရာ၌ မကုန်ကျသင့်သည်များ မကုန်ကျစေရန်နှင့် ကုန်ကျစရိတ် သက်သာပြီး အရည်အသွေး အဆင့်အတန်းပြည့်မီသည့် လုပ်ငန်းများဖြစ်အောင် လုပ်ကိုင်ကြရမည် ဖြစ်သည်။

ယခုအခါ ဝန်ကြီးဌာနအလိုက် အထူးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ရေလှောင်တမံစီမံကိန်းငါးခု၊ ရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်းတစ်ခုနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသုံးခု၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရေအားလျှပ်စစ်စီမံကိန်း လေးခု၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနက စက်ရုံစီမံကိန်းလေးခုအပြင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနများကလည်း စီမံကိန်းအသစ်များကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စီမံကိန်းလုပ်ငန်းကြီးများ အောင်မြင်စွာအကောင်အထည်ပေါ်လာစေရန်အတွက် ဝန်ကြီးဌာနအသီးသီးက အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




## တရုတ်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်း သုံးစွဲသူများပြားလာ

ပေကျင်း ဒီဇင်ဘာ ၂၇

**တရုတ်နိုင်ငံတွင် ယခုနှစ် နိုဝင်ဘာလကုန်၌ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ ၃၂၉သန်းခန့်ရှိရာ တရုတ်နိုင်ငံသားများအနေဖြင့် အလုပ်လုပ်ကိုင်ရာနေရာများတွင် ဆက်သွယ်ရေးအတွက် မိုဘိုင်းလ်ဖုန်းသုံးစွဲမှုသည် ခေတ်စားမှုတစ်ခုဖြစ်လာကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။**

တရုတ်နိုင်ငံသား လေးဦးလျှင် တစ်ဦးက လုပ်ငန်းနှင့်ပတ်သက်၍ ပြောဆိုရာတွင် အချိန်တိုတိုအတွင်း ပြီးမြောက်နိုင်ကြောင်း ပြောကြားပြီး အလုပ်လုပ်ကိုင်သူ ၂၂ရာခိုင်နှုန်းက ၎င်းတို့၏ လုပ်ငန်းဆိုင်ရာအကြီးအကဲများနှင့် ပြောဆိုဆွေးနွေးရာတွင် အဆင်ပြေမှုရှိကြောင်း ပြောကြားသည်။

**ဖော်ပြ**

ဆယ်ဦးလျှင်တစ်ဦးက လုပ်ငန်းအသစ်အတွက် ပြောဆိုရာတွင် မိုဘိုင်းလ်ဖုန်းဖြင့် အချိန်တိုအတွင်း ပြောဆိုနိုင်ကြောင်း ပြောကြားသည်ဟု သဘောထားစစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံတွင် ရုံးလုပ်ငန်းများ၌ ဆက်သွယ်ရေးအတွက် အချိန်တိုပြောဆိုရာတွင် မိုဘိုင်းလ်ဖုန်း သုံးစွဲသူများပြားလာခြင်းမှာ သုံးစွဲသူ ၇၀ရာခိုင်နှုန်းအနေဖြင့် မိုဘိုင်းလ်ဖုန်းနှင့် ပြောဆိုမှုအဆင်ပြေခြင်းနှင့် သုံးစွဲခသက်သာခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ကျေးလက်အဝေးပြေးလမ်းမများ ဖောက်လုပ်ရန် တရုတ်နိုင်ငံက ယွမ်ငွေဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံမည်

ပေကျင်း ဒီဇင်ဘာ ၂၇

**တရုတ်နိုင်ငံသည် ကျေးလက်ဒေသ အဝေးပြေးလမ်းမများ တည်ဆောက်ဖောက်လုပ်ရန်အတွက် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ယွမ်ငွေဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၁၂ဘီလီယံ) ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး ကျန်ချွန်ရှင်းက ပေကျင်းမြို့၌ တနင်္ဂနွေက ပြောကြားလိုက်သည်။**

နှစ်စဉ်ပြုလုပ်သော ဆက်သွယ်ရေးဆိုင်ရာ အစည်းအဝေး၌ ၂၀၁၀ပြည့်နှစ်ကုန်တွင် တရုတ်နိုင်ငံအတွင်းရှိ ကျေးရွာများအားလုံးကို အဝေးပြေးလမ်းများဖြင့် ဆက်သွယ်ပြီးဖြစ်မည်ဟု ဝန်ကြီး ကျန်ချွန်ရှင်းက ပြောကြားသည်။

**အဆင့်မြှင့်တင်ခဲ့**

ပို့ဆောင်ရေးဌာန စာရင်းဇယားများအရ ၁၂၃ မြို့နှင့် ကျေးရွာ ၁၁၂၀၀သည် ၂၀၀၄ ခုနှစ်၌ အဝေးပြေးလမ်းများ တည်ဆောက်ဖောက်လုပ်ခဲ့ကြောင်း၊ ကီလိုမီတာ ၂၅၀၀၀၀ခန့်ရှည်သော အဝေးပြေးလမ်းများကို အမြန်လမ်းများအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ကတ္တရာနှင့် အင်္ဂတေလမ်းအရှည် ကီလိုမီတာ ၁၃၀၀၀၀ကို အသစ်တည်ဆောက် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

**ပါဝင်**

ဝန်ကြီးဌာန၏ စာရင်းဇယားများ၌ တရုတ်နိုင်ငံသည် ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တွင် ကျေးလက် အဝေးပြေးလမ်း ကီလိုမီတာ ၃၅၂၀၀၀ တည်ဆောက် ဖောက်လုပ်ခဲ့ရာတွင် ကတ္တရာနှင့် အင်္ဂတေလမ်းအရှည် ကီလိုမီတာ ၁၉၂၀၀၀ ပါဝင်ကြောင်း ဖော်ပြထားသည်။

**ကျော်လွန်**

ထိုသို့ ဖောက်လုပ်ခဲ့သောလမ်းအရှည်သည် ၁၉၄၉ ခုနှစ်၌ တရုတ်နိုင်ငံသစ် ထူထောင်ခဲ့ချိန်မှစပြီး ၅၃နှစ်ကာလအတွင်း တည်ဆောက် ဖောက်ခဲ့သည့် စုစုပေါင်း လမ်းအရှည်ထက် ကျော်လွန်ကြောင်း သိရသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## ဗီယက်နမ်၌ မကြာမီနှစ်များအတွင်း လူဦးရေအနည်းငယ်တိုးပွားခဲ့ လူဦးရေတိုးမှုလျှော့ချရေးစီမံကိန်းအတွက် ဒေါ်လာဘီလီယံ ၅၀ သုံးစွဲမည်

ဟနွိုင်း ဒီဇင်ဘာ ၂၇

**မကြာမီ နှစ်များအတွင်း မွေးဖွားနှုန်း အနည်းငယ်တိုးလာမှုကို ဗီယက်နမ်နိုင်ငံက လျော့အောင်လုပ်ဆောင်ရာတွင် ၂၀၀၅ ခုနှစ်၌ လူဦးရေတိုးပွားမှု ထိန်းချုပ်ရေးအစီအစဉ်အတွက် လူဦးရေ၊ မိသားစုနှင့် ကလေးများဆိုင်ရာ အမျိုးသားကော်မတီက ဒေါ်လာဘီလီယံ ၅၀ သုံးစွဲသွားမည် ဖြစ်သည်။**

မကြာမီနှစ်များအတွင်း လူဦးရေတိုးပွားမှု အနည်းငယ် မြင့်တက်ခဲ့ခြင်းသည် အရွယ်ရောက်အမျိုးသမီးအရေအတွက် မျှော်လင့်သည်ထက် ပိုမိုတိုးပွားလာမှုနှင့် အလွှာအသီးသီး၌ လူဦးရေပြဿနာကို စီမံခန့်ခွဲမှုညံ့ဖျင်းသည့် သဘောပင်ဖြစ်သည်ဟုဆိုသည်။

ကော်မတီသည် ယခုနှစ် စက်တင်ဘာလမှစပြီး လူဦးရေ ထိန်းချုပ်ရန် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ လူဦးရေ ထူထပ်သိပ်သည်းသည့် ပြည်နယ်နှင့် မြို့ကြီး ၃၈ ခုတွင် ပြည်သူများအတွက် မိသားစု စီမံကိန်းဝန်ဆောင်မှု တိုးချဲ့ရေးကိုစူးစိုက်လုပ်ဆောင်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ လူဦးရေ၊ မိသားစုနှင့် ကလေးများဆိုင်ရာကော်မတီ ဒုတိယ ညွှန်ကြားရေးမှူး ငုယင်သီအင်ထရူအွန်က ပြောကြားသည်။

၂၀၀၅ ခုနှစ်၌ ဆောင်ရွက်မည့် မိသားစုစီမံကိန်း လှုပ်ရှားမှုများ၏ ရည်မှန်းချက်များမှာ မွေးဖွားနှုန်းမြင့်မားသော နေရာဒေသများနှင့် ကလေးနှစ်ယောက်မကရှိသော မိသားစုများ ဖြစ်သည်။

ထို့ပြင် ယင်းကော်မတီသည် မိသားစုစီမံကိန်းနည်းလမ်းများ အသုံးချရေးအတွက် ပြည်သူများကို အားပေးမည့် ဆောင်ရွက်မှုအစီအစဉ်များကို အရှိန်မြှင့်တင်ပြီး ပြန်လည်ဆန်းသစ်သွားမည်ဟု လူဦးရေဆိုင်ရာ အဆိုပါအရာရှိက ပြောကြားသည်။

ယင်းလူဦးရေ ထိန်းချုပ်ရေးပြဿနာနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (ယူအင်အက်ဖ်ပီအေ)၏ ဌာနကိုယ်စားလှယ် အိုင်ယန်ဟောင်ဝီက မိမိ၏အဖွဲ့အစည်းသည် ဗီယက်နမ်နိုင်ငံ၏ ဝေးလံခေါင်သီသော ဒေသများနှင့် ကျေးလက်ဒေသများတွင် မိသားစုစီမံကိန်း အစီအစဉ်များနှင့် လူဦးရေအစီအစဉ်များအပြင် ဗီယက်နမ်နိုင်ငံက ဖြေရှင်းနေသည့် ပြဿနာများဖြစ်သော မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးကုသမှုနှင့် ထိန်းချုပ်နိုင်ခြင်းမရှိသော ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ ပြဿနာများကိုလည်း ကူညီဖြေရှင်းပေးမည် ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

# (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရသူများစာရင်း

ရန်ကုန် ဒီဇင်ဘာ ၂၈

**၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို ဒီဇင်ဘာ ၄ရက်နှင့် ၅ရက်တို့တွင်ကျင်းပခဲ့ရာ တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့မှ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆု အသီးသီးရရှိကြသော ကျောင်းသား၊ ကျောင်းသူများစာရင်းနှင့် အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့မှ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆု အသီးသီးရရှိကြသော ကျောင်းသား၊ ကျောင်းသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။**

## တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မသက်ဝေလှိုင် (ဒုတိယနှစ်ဘီအီးဒီ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်း)က ပထမ၊ နော်ရှားရီဖော (ဒုတိယနှစ်၊ မြောင်းမြစိုက်ပျိုးရေးသိပ္ပံ)က ဒုတိယ၊ မောင်စည်သူအောင်(နောက်ဆုံးနှစ် အပိုင်း(ခ) အကြီးတန်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရေဆင်း)က တတိယ ရရှိကြသည်။ အထူးဆုများအဖြစ် မကြည်ပြာအောင် (တတိယနှစ်သချာ်၊လှိုင်ကော်တက္ကသိုလ်)၊ မမေယုစံ (ဒုတိယနှစ် ဂုဏ်ထူးတန်း မြန်မာစာ၊ ဟသ်ာတတက္ကသိုလ်)၊ မအေးစုငြိမ်း (ဒုတိယနှစ် မြန်မာစာ၊ ရန်ကုန်အဝေးသင်တက္ကသိုလ်-မအူပင်ဌာနခွဲ)၊ မသူသူစိုး (ဒုတိယနှစ် သိပ္ပံ၊ မော်လမြိုင်ပညာရေးကောလိပ်)၊ မဆုမွန်မွန်နှင်း (ဒုတိယနှစ် သိပ္ပံ၊ တောင်ကြီးပညာရေးကောလိပ်)တို့က ရရှိကြသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် မောင်သီဟထွန်း (တတိယ အမ်ဘီဘီအက်စ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်)က ပထမ၊ ဗိုလ်လောင်းဉာဏ်ပိုင်စိုး (ဒုတိယနှစ်ကွန်ပျူတာ၊ စစ်တက္ကသိုလ် ပြင်ဦးလွင်)က ဒုတိယ၊ ဗိုလ်လောင်းဘိုဘိုအောင် (စတုတ္ထနှစ် စက်မှုအင်ဂျင်နီယာ၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်)က တတိယ ရရှိကြသည်။ အထူးဆုများအဖြစ် မချိုဥမ္မာနွယ် (ဒုတိယနှစ် သိပ္ပံ၊ မော်လမြိုင်ပညာရေးကောလိပ်)၊ ဗိုလ်လောင်းချမ်းငြိမ်းသူ(နောက်ဆုံးနှစ်အပိုင်း(က) တပ်မတော်ဆေးတက္ကသိုလ်)၊ မောင်ဦးရွှေထွန်း (စတုတ္ထနှစ်ဘီအီးဒီ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်း)၊ မောင်စည်သူအောင် (နောက်ဆုံးနှစ်အပိုင်း(ခ) အကြီးတန်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်း)၊ မောင်အံ့ချီးမောင် (စတုတ္ထနှစ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်)တို့က ရရှိကြသည်။

## အထက်တန်းအဆင့်

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မမေဇွန်ဖူး (နဝမတန်း၊ အထက(၁) ပဲခူး)က ပထမ၊ မိအိမ့်မျက်သွယ် (အဋ္ဌမတန်း၊ အထက(၂)ဘားအံ)က ဒုတိယ၊ မနှင်းဝေဝေလင်း (ဒသမတန်း၊ အထက(၂) ပျဉ်းမနား)က တတိယ ရရှိကြသည်။ အထူးဆုများအဖြစ် မပေရယ်ထွန်း (နဝမတန်း၊ အထက(၂)ပုသိမ်)၊ မသဉ္ဇာမော် (အဋ္ဌမတန်း၊ အထက ပုလော)၊ မဝင့်ဝါဖြိုး (အဋ္ဌမတန်း၊ အထက သုံးဆယ်)၊ မဝင့်မော်မော်မြင့် (ဒသမတန်း၊ အထက(၇) တောင်ကြီး)၊ မောင်အောင်သော်ထက်(အဋ္ဌမတန်း၊ အထက(၂) ရန်ကင်း)တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် မစုစန္ဒီသွေး [အဋ္ဌမတန်း၊ အလက(၃) (လည်ပေါ်) ရေနံချောင်း]က ပထမ၊ မဝင့်ဝါဖြိုး (အဋ္ဌမတန်း၊ အထက သုံးဆယ်)က ဒုတိယ၊ မဟေမာနွယ်ဝင်း(ဒသမတန်း၊ အထက(၅)ပုသိမ်)က တတိယ ရရှိကြသည်။ အထူးဆုများအဖြစ် မောင်ပိုကဲ (နဝမတန်း၊ အထက(၂)စစ်ကိုင်း)၊ မခင်သူသူထက်(နဝမတန်း၊ အထက(၂) တောင်ဥက္ကလာပ)၊ မအိစင်သူ (နဝမတန်း၊ အထက(၁)ဘားအံ)၊ မောင်ဗညားသီဟနိုင်(နဝမတန်း၊ အထက ပုလော)နှင့် မခင်ခင်ဝင်းရွှေ (နဝမတန်း၊ အထက(၁) ပဲခူး)တို့က ရရှိကြသည်။

## အလယ်တန်းအဆင့်

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မောင်မင်းစိုးရ (ဆဋ္ဌမတန်း၊ အထက(၂) ဘားအံ)က ပထမ၊ မောင်ကျော်ခိုင်ထက် (ဆဋ္ဌမတန်း၊ အလက(၁)ပုသိမ်)က ဒုတိယ၊ မအိမ့်စန္ဒီကျော် (သတ္တမတန်း၊ အလက(၂) ကလေး)က တတိယရရှိကြသည်။ အထူးဆုများအဖြစ် မဥမ္မာသက်အောင် (သတ္တမတန်း၊ အထက ဗထူး)၊ မပိုးဖြူလွင် (ဆဋ္ဌမတန်း၊ အထက(၂) ရန်ကင်း)၊ မဖူးပွင့်နွေးနွေးကို (သတ္တမတန်း၊ အလက(၄)စစ်တွေ)၊ မသီသီဇင် (သတ္တမတန်း၊ အထက(၁)ပျဉ်းမနား)နှင့် မဖူးဝေဝေလွင် (သတ္တမတန်း၊ အလက(၁) မြိတ်)တို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မောင်သန့်အောင်ဖြိုး (သတ္တမတန်း၊ အထက(၂)မြိတ်)က ပထမ၊ မောင်ကြည်မြင့်ထွန်း[သတ္တမတန်း၊ အလက(၃)(လည်ပေါ်) ရေနံချောင်း]က ဒုတိယ၊ မောင်သာနိုး (သတ္တမတန်း၊ အထက(၂) စစ်ကိုင်း)က တတိယရရှိကြသည်။ အထူးဆုများအဖြစ် မမေသူကျော်(သတ္တမတန်း၊ အထက(၆)ပုသိမ်)၊ မောင်ရဲမြင့်မြတ် (ဆဋ္ဌမတန်း၊ အထက သုံးဆယ်)၊ မမေမြတ်မှူးအောင်(ပဥ္စမတန်း၊ အထက(၁) ပဲခူး)၊ မမြတ်သီရိချယ် (ဆဋ္ဌမတန်း၊ အထက(၁)လမ်းမတော်)နှင့် မောင်ကောင်းမြတ်ဟန်(သတ္တမတန်း၊ အထက(၁) လှိုင်ကော်) တို့က ရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ဆုရရှိသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ကျောင်းသားရေးရာဌာနစု သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ဆုရရှိသူများသည် အထက(၁)စမ်းချောင်း ရန်ကုန်မြို့သို့လည်းကောင်း ၂၀၀၅ခုနှစ် ဇန်နဝါရီ၁ရက် (စနေနေ့)တွင် မပျက်မကွက်ကိုယ်တိုင်လာရောက် သတင်းပို့ဆက်သွယ်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တနင်္ဂနွေတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြောင်းမြမြို့ အမှတ်(၁၀) နယ်မြေ မြမင်္ဂလာရပ်ကွက် သဲအင်းဂူ စိတ္တသုခ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတွင် မူလသဲအင်းဂူဆရာတော်ကြီး၏ဥပနိဿယအတိုင်း တပည့်ရင်းများဖြစ်ကြသော ရန်ကုန် (ကျိုက်ဝိုင်း) ဆရာတော်၊ မုံရွာဆရာတော်၊ မော်လမြိုင်ဆရာတော်၊ ပုသိမ်ဆရာတော်၊ လားရှိုးဆရာတော်နှင့် ကျောက်ပန်းတောင်းဆရာတော်တို့၏ တရားပြသမှုကို ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ အဓိဋ္ဌာန်ပါရမီ မည်သူမဆို ကြွရောက်အားထုတ်နိုင်ကြောင်း အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

# မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယော)ဆရာတော် ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈း၀၅ | ၇။ | အရေးပြိုင်ပွဲ |
| ၈း၁၅ | ၈။ | စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၁၆း၄၅ | ၄။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၀၀ | ၅။ | မြန်မာစာ၊မြန်မာစကား |
| ၁၇း၁၀ | ၆။ | ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ |
| ၁၇း၂၀ | ၇။ | (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၇း၃၀ | ၈။ | ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ် |
| ၁၇း၄၀ | ၉။ | Discovery |
| ၁၇း၅၀ | ၁၀။ | **Tiger Cup ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ဒုတိယအကြိုဗိုလ်လုပွဲ (ပထမပွဲစဉ်) (မြန်မာနှင့် စင်ကာပူ)** |
| ၂၀း၀၀ | ၁၁။ | ပြည်တွင်းသတင်း |
| | ၁၂။ | **အချုပ်အခြာအာဏာ ခွန်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု** |
| | ၁၃။ | နိုင်ငံတကာသတင်းများ |
| | ၁၄။ | မိုးလေဝသအခြေအနေ |
| | ၁၅။ | **"နားလည်တတ်စေ ချစ်တတ်စေ"** (လူမင်း၊ မင်းသူ၊ နန္ဒာလှိုင်၊ သူသူဟံသာ) (ဒါရိုက်တာ - သက်တင်) |

# ဒို့ကျေးရွာဂျာနယ် အတွဲ (၂)၊ အမှတ် (၁) ထွက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၂၈**



ဗဟုသုတအသိပညာကို စာဖတ်ခြင်းမှ ရနိုင်ပါသည်။ စာဖတ်ခြင်းသည် အသိဉာဏ်ကိုလည်း ရင့်သန်စေသည်။ စာအုပ်စာပေသည် နှလုံးသားကို အားရှိစေသည်။ ဦးနှောက်ကိုကြည်လင် ထက်မြက်စေသည်။ ထို့ကြောင့် ကျေးလက်ဒေသနေ ပြည်သူများ ဗဟုသုတ အသိပညာ ပြည့်ဝစေရန်၊ အသိဉာဏ်ကို ရင့်သန်စေရန်၊ နှလုံးသားကို အားရှိစေရန်အတွက် ဒို့ကျေးရွာဂျာနယ်က အဘက်ဘက်မှ အားပေးကူညီလျက်ရှိသည်။ ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ကျေးလက်ပြည်သူများအတွက် အရည်အသွေးကောင်း ဆန်ရရှိရေး၊ မုန်လာဥဖြူစိုက်စေချင်၊ မိတ်ဆွေများထံ ပြောပြလိုသည့်အမှာစကား၊ ဝမ်းဘဲမွေးမြူရေး၊ ဆိတ်များ ဝဲရောဂါကြိုတင်ကာကွယ်ဆိုသည့် ဆောင်းပါးများအပြင် ဝတ္ထုတို၊ ဟာသ၊ကာတွန်း၊ကုန်စည်ဈေးနှုန်း၊သတင်း၊ မိုးလေဝသခန့်မှန်းချက်များနှင့် ဗေဒင်ကဏ္ဍများကို ဝေဝေဆာဆာဖြင့် ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)** ဒို့ကျေးရွာဂျာနယ် စာမူများကို အမှတ် ၃၀-၃၂ (၁၀)လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# နိုးကြား အသင့်ရှိကြစေ

'လွတ်လပ်ရေး' သည်
နိုင်ငံ့ အသက်သွေး၊ လေးစားမြတ်နိုး
တန်ဖိုးထားစရာ၊ ဦးစွန်းရတနာတည့်။

လွတ်လပ်ရေးအမွေ
နိုင်ငံ့မြေမှ၊ သယံဇာတ
ဓနဥစ္စာ၊ များမြောင်စွာကို
ဒို့သာတူညီ၊ ထုတ်ယူဝေမျှ
ခံစားကြလျက်၊ တိုးတက်ရည်သန်
ဒို့နိုင်ငံကို၊ အပြန်အလှန်
တုံ့ပြန်ကျေးဇူး၊ ဆပ်ဖူးလေမှ
မွေးရကျိုးနပ်၊ မွန်မြတ်ပြည့်သားဖြစ်ချိမ့်မည်။

လွတ်လပ်ရေးကား
'သတိ'တရား၊ အစဉ်ထား၍
မမေ့အပ်စွာ၊ ကာကွယ်ရာ၏
'ဆုံး'လွယ်'ရ'ခက်၊ အသက်သွေးချွေး
စတေးတိုက်မှ၊ ပြန်ရတတ်၍
မွန်မြတ်ပြည်သူ၊ ဆွေတူမျိုးရင်း
သားချင်းညီနောင်၊ ပြည်ထောင်စုသား
သွေးစည်းအားဖြင့်၊ နိုးကြားအသင့်ရှိစေသတည်း။ ။

**ဦးအောင်မွန်(မဟာဝိဇ္ဇာ)**

# ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်း အမှတ်စဉ် (၁၀/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၇ရက်က ပြည်ထဲရေးဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဝင်းမြိုင် တက်ရောက်အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ပတ်ကြာမည်ဖြစ်ပြီး သင်တန်းသား ရဲအရာရှိ ၄၀ တက်ရောက်ကြကြောင်းနှင့် သင်တန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များအား လုံခြုံစိတ်ချမှုနှင့် စိတ်အေးချမ်းမြေ့စွာ သွားလာလည်ပတ် နိုင်ကြစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကူညီဆောင်ရွက်သွားနိုင်ရန် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက မသမာသူ အဖျက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်ကြောင့် အပြစ်မဲ့ ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာရရှိမှုဖြစ်စဉ်နှင့် အဆိုပါ အဖျက်အမှောင့်လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မိမိအနေဖြင့် ယနေ့ ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မသမာသူ အဖျက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် အပြစ်မဲ့ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာ ရရှိမှုဖြစ်စဉ်နှင့်အတူ အဆိုပါ အဖျက်အမှောင့်လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေကြသည့် ပြည်တွင်း ပြည်ပ အဖျက်သမားအဖွဲ့များ၏ လှုပ်ရှား ဆောင်ရွက်မှုများနှင့် စပ်လျဉ်းပြီး ပြည်သူများ သိရှိနိုင်အောင် ရှင်းလင်း တင်ပြသွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းပြည်ပမှ မသမာသူ အဖျက်သမားအဖွဲ့ အသီးသီးသည် နိုင်ငံတော် မတည်မငြိမ်ဖြစ်စေရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် အတွက် အမှောင့်လုပ်ငန်းများကို ပြည်ပအသံလွှင့်ဌာနများကို အသုံးချ၍လည်းကောင်း၊ လှုံ့ဆော်စာများ ရေးသားဖြန့်ဝေ၍လည်းကောင်း၊ Internet Website များမှ လည်းကောင်း သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

**ဖော်ထုတ်နိုင်**

ယခုအခါ အဆိုပါ မသမာသူ အဖျက်သမားအဖွဲ့များသည် ၎င်းတို့၏ အမှောင့်လုပ်ငန်းများကို အဖျက်လုပ်ငန်းများနှင့် ချိန်ကိုက်ဆောင်ရွက်နိုင်ရေးအတွက် အကြမ်းဖက် အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုပြီး ဆောင်ရွက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) လက်ကျန်အဖွဲ့က ပြည်တွင်းသို့ ဆန့်ကျင်လှုံ့ဆော်စာများ ပေးပို့ ဖြန့်ဝေစေခဲ့သော်လည်း ဖြန့်ဝေခြင်းမပြုနိုင်မီ မိမိတို့ လုံခြုံရေး တပ်ဖွဲ့ဝင်များက ယခုဒီဇင်ဘာလ အတွင်းမှာ ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန့်ကျင်စာများ အရ ရဟန်းရှင်လူ ပြည်သူများအတွင်း ပစ်မှတ် ပရိသတ်အုပ်စုခွဲကာ သွေးထိုးလှုံ့ဆော်ရန် စီစဉ်ခဲ့သည်ကိုတွေ့ရှိရပြီး ပြည်တွင်းရှိ အဖျက်သမားများနှင့် ဆက်သွယ်၍ ဖြန့်ဝေရန် စီစဉ်နေစဉ် ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

ယင်းသို့ တိုက်တွန်းနှိုးဆော်ချက်ထုတ်ပြန်ခဲ့သည့်နည်းတူ ဗမာပြည် ကွန်မြူနစ်ပါတီသည် ၂၀၀၄ ခုနှစ်အတွင်း မြေအောက်နိုင်ငံရေး လှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်လာသည်ကိုတွေ့ရကြောင်း၊ ဖမ်းဆီးရမိသည့် ၎င်းတို့၏ ပြည်သူလူထုအား လှုံ့ဆော်သွေးထိုးထားသည့် ဝါဒဖြန့်စာများကိုလည်း သတင်းစာဆရာကြီးများ ကြည့်ရှုလေ့လာနိုင်ရန် တင်ပြထားပါကြောင်း။

ထို့ပြင် ABSDF အဖွဲ့မှ သင်တန်းသား၁၅ဦးအတွက် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းကို နယ်စပ်ဒေသရှိ အဖျက်သမားအဖွဲ့တစ်ဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိသူ မိုးသူက တစ်ဖက်နိုင်ငံ နို့ဘိုးဒုက္ခသည်စခန်းတွင် သင်ကြား လေ့ကျင့်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ကိုယ့်ခွန်ကိုယ့်အားဖြင့် မဖြစ်မနေကြိုးပမ်းတည်ဆောက်ထားရသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတားများ၊ လေယာဉ်ကွင်းများနှင့် ဆည်မြောင်းတာတမံများကို ပစ်မှတ်ထားပြီး ဖောက်ခွဲဖျက်ဆီးရန် စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့သည်ဟု သတင်းများ ရရှိခဲ့ကြောင်း၊ ၎င်းစီမံချက်ကို NCGUB မှ ဒေါက်တာစိန်ဝင်းက ကွပ်ကဲပြီး ပြည်သစ်ညွန့်ဝေ (ခ) မောင်မောင်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်အဖွဲ့မှ အောင်မိုးဇော်၊ NLD(LA) မှ တင်ဦး၊ လွမ်းနီနှင့် ABSDFမှ ကိုကိုနိုင်တို့က ကြီးကြပ်ဆောင်ရွက်ကြမည်ဖြစ်သည်ဟုလည်း သတင်းရရှိခဲ့ပါကြောင်း။

**ကြိုတင်ကာကွယ်တားဆီးနိုင်**

ထိုအခြေအနေများအရ နိုင်ငံတော်အနေဖြင့် လုံခြုံရေးအစီအစဉ်များကို ပိုမိုအလေးထားဆောင်ရွက်ခဲ့သည့်အတွက် အချို့သော အဖျက်အမှောင့် လုပ်ရပ်များကို ကြိုတင်တားဆီး ကာကွယ်နိုင်ခဲ့ပြီး အချို့ အဖျက်အမှောင့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်များကိုတင်ပြရလျှင် ၂၆-၆-၂၀၀၄ရက်နေ့ မွန်းလွဲ ၁၄း၃၀ နာရီတွင် ဘူတာကြီး လူသွားစင်္ကြံ အလယ်၌လည်းကောင်း၊ ၂၇-၆-၂၀၀၄ရက်နေ့ နံနက်၀၅း၀၀နာရီတွင် ပန်းဆိုးတန်း ဘူတာကြီးခုံးကျော်တံတားအဆင်း ဘူတာကြီးဘက်သို့သွားသော ပလက်ဖောင်းအနီး၌လည်းကောင်း၊ နံနက် ၀၅း၁၀ နာရီတွင် ပန်းဆိုးတန်းခုံးကျော်တံတား ဘူတာကြီး ဘယ်ဘက်လူသွားလမ်း ပလက်ဖောင်းဘေး၌လည်းကောင်း၊ နံနက် ၀၅း၃၀နာရီတွင် ပန်းဆိုးတန်းခုံးကျော်တံတား အလယ်ဓာတ်တိုင်အောက်ရှိ ပန်းအိုး အမှတ်(၇)၌လည်းကောင်း မပေါက်ကွဲသေးသော ဗုံးလေးလုံးကို ဓာတ်ခဲနှင့် နာရီတပ်ဆင်လျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း။

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပန်းဆိုးတန်းလမ်း ဘူတာကြီး ခုံးကျော်တံတားအဆင်း ဘူတာကြီးဘက်သို့သွားသော လူသွားလမ်း ပလက်ဖောင်းအနီးတွင် ၂၆-၆-၂၀၀၄ ရက်နေ့ နံနက် ၀၃း၃၀နာရီ၌ လည်းကောင်း၊ ရန်ကုန်ဘူတာကြီး အထက်တန်းဝင်ပေါက်ရှေ့ ပန်းခြံအတွင်းတွင် နံနက် ၀၃း၄၅နာရီ၌ လည်းကောင်း၊ ရန်ကုန်ဘူတာကြီး လူသွားစင်္ကြံဝဲဘက် အခြမ်းတွင် နံနက် ၀၃း၅၇နာရီ၌ လည်းကောင်း အသံမိုင်း (စိန်ရောင်ခြည်)ဟု ယူဆရသော မိုင်းသုံးလုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိခဲ့ကြောင်း။

အလားတူ ရန်ကုန်ဘူတာကြီး ရိုးရိုးတန်းစင်္ကြံရှေ့ရှိ ဓာတ်ဆီဆိုင်အနီး ပန်းခြံစပ်တွင် ၂၇-၆-၂၀၀၄ ရက်နေ့ နံနက် ၀၅း၃၀နာရီတွင် လက်လုပ်ချိန်ကိုက်မိုင်း တစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ ပန်းခြံအတွင်းရှိ ပန်းပင်အချို့ ပျက်စီးခဲ့ကြောင်း။

အဆိုပါ ပေါက်ကွဲဖြစ်စဉ်များကို စိစစ်ဖော်ထုတ်ခဲ့ရာ ၂၆-၆-၂၀၀၄ ရက်နေ့ ဘူတာကြီးဝန်းကျင် ပေါက်ကွဲမှုဖြစ်စဉ်များတွင် ပေါက်ကွဲမှု မဖြစ်ပွားမီ လေးငါးရက်ခန့်က လူစိမ်းနှစ်ဦးသည် အခြေအနေမဲ့တစ်ဦးဖြစ်သော မာမာလွင် အသက်(၃၀) (ဘ) ဦးမောင်ကိုအား ဘူတာကြီး လက်မှတ်အရောင်းဌာနအနီး လာရောက်တွေ့ဆုံခဲ့ကြောင်း၊ ၎င်းတို့အနက် အရပ်မြင့်မြင့်၊ အသားမည်း၊ စကားပြောမြန်ပြီး လက်ဖျံနှစ်ဖက်၌ နဂါးရုပ်ဆေးမင်ထိုးထားသည့် ဗမာလူမျိုးတစ်ဦးက သူ့ကိုယ်သူ ဝင်းနိုင်(ခ) ဇော်ဝင်းဟု မိတ်ဆက်ခဲ့ကြောင်း၊ ၎င်းတို့က လေး/ငါးကြိမ်ခန့် တွေ့ဆုံပြီး ဘူတာကြီးတစ်ဝိုက် ဗုံးများချထားပေးပါက ငွေပေးမည်ဟု ပြောဆိုစည်းရုံးခဲ့ကြောင်း၊ မာမာလွင်က သဘောတူသဖြင့် ဇွန်လ ၂၆ ရက်နေ့ နံနက်၀၃း၀၀နာရီ၌ ဆူးလေခုံးကျော်တံတားပေါ်တွင် ထိုလူစိမ်းနှစ်ဦး လာရောက်တွေ့ဆုံပြီး မိုင်းထည့်ထားသည့် ကြွပ်ကြွပ်အိတ်အစိမ်းနှစ်လုံးနှင့် ငွေကျပ် ၁၀၀၀တန် ၁၀ရွက်ကို ပေးခဲ့ပြီး ဗုံးဖောက်ခွဲမည့်နေရာများ၌ ခွဲဖြန့်ချထားစေခဲ့ခြင်း ဖြစ်သည်ကို ဖော်ထုတ်သိရှိရပါကြောင်း။

**စေလွှတ်ခဲ့**

အဆိုပါဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်တွင် သတင်းဆက်များထပ်မံရရှိခဲ့ပါကြောင်း၊ ၎င်းသတင်းများကို တင်ပြရလျှင် တစ်ဖက်နိုင်ငံအခြေပြု နိုင်ငံရေးအန်တုမှုကော်မတီ(Political Defiance Committee-PDC) က ပြည်တွင်း၌ အဖျက်အမှောင့်နှင့် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရဲမြင့်နှင့် လှခိုင်ဆိုသူတို့ကို ၂၀၀၄ ခုနှစ် စက်တင်ဘာလအတွင်းက စေလွှတ်ခဲ့ကြောင်း။

တစ်ဖက်နိုင်ငံ လွတ်မြောက်နယ်မြေမှ အဖျက်သမားအဖွဲ့ တစ်ခုမှ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသို့ ခေတ်မီမိုင်း ၁၀လုံးကို ၅-၁၀-၂၀၀၄ ရက်နေ့တွင် ပေးအပ်ခဲ့ပြီး ကရင်ပြည်နယ်အတွင်း ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန် ထိန်လင်းနှင့် မြင့်ခိုင်ဆိုသူတို့အား စေလွှတ်ခဲ့ကြောင်း။

၂၀၀၄ ခုနှစ် အောက်တိုဘာလကုန်ခန့်တွင် NLD((LA) မှ အောင်သန်းဦး အပါအဝင် ငါးဦးသည် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံနှင့် တပ်မတော်နေ့ အခမ်းအနားများတွင် ဖောက်ခွဲဖျက်ဆီးရန် ပြည်တွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း။

မဲဆောက်မြို့ရှိ BBC သတင်းထောက်ဝင်းမြင့်၏နေအိမ်သို့လည်း ABSDF ရင်း(၂၀၂)မှ တင်အောင်ဖုန်းသည် ၇-၁၂-၂၀၀၄ရက်နေ့တွင် လာရောက်ကာ အမေရိကန်နိုင်ငံလုပ် ချိန်ကိုက်မိုင်းသုံးလုံးကို စက္ကူဖာနှင့် ထည့်၍ပေးခဲ့ပြီး ရန်ကုန်သို့ဆက်လက်ပို့ဆောင်ရန်စီစဉ်ခဲ့ကြောင်း။

၁၄-၁၂-၂၀၀၄ရက်နေ့တွင် ABSDF မှ နိုင်အောင်လင်းက ထိုင်းနိုင်ငံ ရဟိုင်းမှ မဲဆောက်ရှိ သင်္ကန်းဝတ်လေးဦးထံ ဓာတ်ခဲပါကင် အရွယ် စက္ကူဖာတစ်လုံးကို ပေးပို့ခဲ့ကြောင်း၊ ၎င်းသင်္ကန်းဝတ်လေးဦးသည် မဲဆောက်မှတစ်ဆင့် ပြည်တွင်းသို့ဝင်ရောက်၍ ဆူပူဆန္ဒပြရန်နှင့် ဖောက်ခွဲမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုအခါ ဖောက်ခွဲရေးပစ္စည်းများထည့်ထားသော အဆိုပါ စက္ကူဖာကို ကယ်ရီတစ်ဦးဖြင့် ရန်ကုန်သို့ ပို့ဆောင်ရန် စီစဉ်ထားသည်ဆိုသည့်သတင်းများ ရရှိခဲ့ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁





**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက မသမာသူ အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်ကြောင့် အပြစ်မဲ့ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာရရှိမှုဖြစ်စဉ်နှင့် အဆိုပါ အဖျက်အမှောင့်လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေသော ပြည်တွင်းပြည်ပ အဖျက်သမားအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်သဖြင့် မြန်မာနိုင်ငံဒေသအချို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)

**ရှင်းလင်း ပြောကြား**



**တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီက ရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)



**ရန်ကုန်ဘူတာကြီးဝန်းကျင် ဗုံးပေါက်ကွဲမှုနှင့် မပေါက်ကွဲသေးသောဗုံးများ ဖော်ထုတ်ရရှိမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။**
(သတင်းစဉ်)

**စာမျက်နှာ ၄မှ**

# တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များ ကျန်ရှိနေသေးသည်ကိုသိရှိရ ၂၀၀၅ခုနှစ်မတ်၃၁ရက်နောက်ပိုင်းတွေ့ရှိက ယာဉ်ပိုင်ရှင်အားအရေးယူမည်

ထို့ပြင် ထိုင်းနိုင်ငံ မဲဆောက်မြို့ တောင်ဘက်ခြမ်း ကျောက်ခက်ကျေးရွာအနီးတွင် ၁-၁၂-၂၀၀၄ရက်နေ့မှ စ၍ အထူးစစ်ရေးနှင့် ဖောက်ခွဲရေး သင်တန်းတစ်ခုဖွင့်လှစ်၍ အမေရိကန်နိုင်ငံသားနှစ်ဦးက သင်ကြားပေးလျက်ရှိကြောင်း။

၁-၁၂-၂၀၀၄ ရက်နေ့တွင် တစ်ဖက် နိုင်ငံ၌ NCGUB (ခေါ်) ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma)အဖွဲ့မှ မောင်မောင်လတ်၊ ပြည်သစ် ညွန့်ဝေ(ခ) မောင်မောင်၊ ABSDF(ခေါ်)မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(All Burma Student's Democratic Front)မှ မင်းသူနှင့် အပေါင်းအပါ ငါးဦးတို့ လျှို့ဝှက်အစည်းအဝေးပြုလုပ်ပြီး ပြည်တွင်းသို့ ဖောက်ခွဲရေးအဖွဲ့ နှစ်ဖွဲ့စေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်ဟု သိရှိရပါကြောင်း။

အလားတူ NLD (LA) မှ ငြိမ်းချမ်း (ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် NLD ရွေးချယ်ခံကိုယ်စား လှယ်၏သား)၊ ၎င်းနှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သူ အောင်သန်းဦးနှင့် စောလဘွဲ့ဆိုသူတို့အား ၂၀၀၄ခုနှစ် အောက်တိုဘာလမတိုင်မီက ပြည်တွင်းသို့ဖောက်ခွဲရေးလုပ်ရန် စေလွှတ်ခဲ့ကြောင်း။

ထို့အတူ တစ်ဖက်နိုင်ငံ မဲဆောက်မြို့ NLD (LA)ရုံးတွင် ၅-၁၁-၂၀၀၄ ရက်နေ့ နံနက် ၁၀:၀၀နာရီမှ မွန်းလွဲ ၁၅:၀၀နာရီအထိ အစည်းအဝေး တစ်ရပ်ကျင်းပခဲ့ရာ နိုင်ငံခြားသားနှစ်ဦး အပါအဝင် NLD (LA)၊ လူ့ဘောင် သစ်ဒီမိုကရက်တစ်ပါတီ၊ ABSDF နှင့် အခြားအဖျက်သမားအဖွဲ့များမှ အဖွဲ့ဝင်၇၀ခန့် တက်ရောက်ခဲ့ကြကြောင်း၊ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများကို အကြောင်းပြုပြီး ပြည်တွင်းရှိ နိုင်ငံရေးပါတီအချို့နှင့် အဆက်အသွယ်ပြုလုပ်ကာ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန်၊ အဆိုပါ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများအတွက် ဖောက်ခွဲရေးသမားနှစ်ဦးအပါအဝင် အဖွဲ့ဝင် ငါးဦးရွေးချယ်ထားပြီး ၁၈-၁၁-၂၀၀၄ ရက်နေ့မှစတင်၍ မော်လမြိုင်၊ ဘားအံ၊ ကျုံဒိုးမြို့များ၌ လှုပ်ရှားရန် စီစဉ်ခဲ့သည့်သတင်းကိုလည်း ရရှိခဲ့ပါကြောင်း။

တစ်ချိန်တည်းမှာပင် NCUB အဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ပြည်သစ်ညွန့်ဝေ (ခ) မောင်မောင်ကလည်း နိုင်ငံရေး တိုက်ကွက်ဖော်ရန်အတွက် ပြည်ပမှ ဒေါ်လာထောက်ပံ့ငွေများ ရှာဖွေကာ ၎င်းငွေများဖြင့် အသုံးပြုပြီး နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ၎င်းငွေများကို ပေးကမ်းအသုံးပြုကာ နိုင်ငံရေးတိုက်ကွက်ကို အထောက်အကူပြုမည့် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများနှင့် အခြားအဖျက် အမှောင့်လုပ်ငန်းများကို ဆောင်ရွက်နေသည်ဟုလည်း သတင်းရရှိထားပါကြောင်း။

အဆိုပါသတင်းများအရ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ လမ်း၊ တံတား၊ ဆည်မြောင်း တာတမံ၊ အဆောက်အအုံ စသည်များနှင့် ပြည်သူများလုံခြုံမှု အပြည့်အဝရရှိအောင်၊ အန္တရာယ်ကင်းအောင် လုံခြုံရေးအစီအမံများ ပိုမိုတိုးမြှင့်ချမှတ်ကာ နေ့/ည ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သဖြင့် အချို့အဖျက်အမှောင့်ကိစ္စများကို ကြိုတင်ဖော်ထုတ်တားဆီးနိုင်ခဲ့ပြီး အချို့အဖျက်အမှောင့်ကိစ္စများလည်း ဖြစ်ပွားခဲ့ကြောင်း။

ဖြစ်စဉ်များကိုတင်ပြရလျှင် ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာ မိန်လကုန်းရပ်ကွက်နေ စိန်အောင်လင်း(ခ)အလင်း၏ နေအိမ်သို့ ၁၅-၁၁-၂၀၀၄ရက်နေ့ မွန်းလွဲ ၁၃:၃၀ နာရီတွင် သတင်းအရ မြိုင်ကလေးရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အေကေ ၄၇ ကျည် ၁၆၅၂ တောင့်၊ ကျည်ကပ်အရှည် ၁၄ခု၊ ကျည်ကပ်အတိုတစ်ခု၊ ၇၉ မမ ဗုံးသီးခုနစ်လုံး၊ ၉၁ လက်ပစ်ဗုံး ကိုးလုံး၊ ၈၈ လက်ပစ်ဗုံးခြောက်လုံး၊ အမည်မသိ လက်ပစ်ဗုံးတစ်လုံးနှင့် ဖြူးစ် ၁၄ ခုကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့ ခင်နိမ်းမူ ပူးပေါင်းစစ်ဆေးရေး ဂိတ်အနီး၌ ၂၂-၁၁-၂၀၀၄ရက် နံနက် ၁၀:၀၀ နာရီတွင် ဒေသန္တရလုပ်ချိန် ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ စစ်ဆေးရေးအဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။

အထက်တွင် တင်ပြခဲ့သည့် မသမာသူအဖျက်သမားများ၏ အဖျက်လုပ်ရပ် သတင်းများနှင့် တစ်ဆက်တစ်စပ်တည်းမှာပင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၆၇ ရှိ ဇော်ဂျီဟောက်စ် စားသောက်ဆိုင်တွင် ၂၁-၁၂-၂၀၀၄ ရက်နေ့ မွန်းလွဲ ၁၄:၀၀ နာရီ၌ မသမာသူနှစ်ဦး တမင် ချန်ထားခဲ့သော စက္ကူဘူးမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့၍ အဆိုပါဆိုင်မှဆိုင်အလုပ်သမားတစ်ဦးဒဏ်ရာ အနည်းငယ် ရရှိခဲ့သည့်သတင်းကို သတင်းစာများတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်စပ်၍ စုံစမ်းဖော်ထုတ်ရမည့် အခြေအနေများ ရှိနေသေးသဖြင့် ဖြစ်စဉ်အသေးစိတ်ကို တစ်ပါတည်း မဖော်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ထိုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယခုအသေးစိတ် ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း။

ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ဆိုင်အလုပ်သမားမှာ စားပွဲထိုး စိုင်းစံဝင်း(ခ)စိုင်းစိုင်း (၃၁နှစ်) (ဘ)ဦးချမ်းသာ အမှတ် ၃၀ ရွှေတောင်ကြားလမ်း ရွှေတောင်ကြား (၂)ရပ်ကွက် ဗဟန်းမြို့နယ်တွင် နေသူဖြစ်ပြီး ၎င်း၏ ဘယ်ခြေမျက်စိ၊ ညာခြေမတို့တွင် ပွန်းပဲ့ဒဏ်ရာရရှိပြီး နားနှစ်ဖက် အူသွားပါကြောင်း၊ ဖြစ်ပွားပုံမှာ ၂၁-၁၂-၂၀၀၄ရက် နံနက် ၁၁:၀၀နာရီတွင် အဆိုပါဆိုင်သို့ လာရောက်စားသောက်သူ အသက် (၅၅)နှစ်ခန့် ဝဝပုပု အသားညို တီရှပ်အစင်းဝတ်၊ ပုဆိုးဝတ်၊ နေကာမျက်မှန်တပ်၊ ဗမာလူမျိုးပုံသဏ္ဌာန်ရှိသူနှင့် အသက် (၃၅ နှစ်)ခန့်၊ အသားညို၊ ဗမာလူမျိုးပုံသဏ္ဌာန်ရှိသူနှစ်ဦးတို့သည် ကြာဆံကြော်နှစ်ပွဲ၊ မန္တလေးဘီယာနှစ်လုံးနှင့် အချိုရည် နှစ်ဘူး မှာယူစားသောက်ခဲ့ကြကြောင်း၊ ၎င်းတို့နှစ်ဦးသည် မွန်းလွဲ၁၃:၄၅နာရီခန့်တွင် အဆိုပါဆိုင်မှ ပြန်လည်ထွက်ခွာသွားစဉ် တစ်ပေခွဲပတ်လည် အမြင့်ခြောက်လက်မခန့်ရှိ စက္ကူဘူးတစ်ခုကို မေ့ချင်ယောင်ဆောင်ကာ တမင်ချန်ထားရစ်ခဲ့ကြောင်း၊ ၎င်းတို့ကျန်ရစ်ခဲ့သော စက္ကူဘူးကို စားပွဲထိုး စိုင်းစံဝင်းက နောက်မှလိုက်ပေးသော်လည်း ၎င်းတို့ကို မတွေ့တော့သဖြင့် ဆိုင်အတွင်း ပြန်ယူလာပြီး အဆိုပါနေရာ၌ထားစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဖော်ထုတ်ရရှိခဲ့ကြောင်း။

ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာကို သက်ဆိုင်ရာက စစ်ဆေးချက်အရ အဆိုပါစက္ကူဘူးအတွင်းတွင် AIKO အမျိုးအစား တိုင်ကပ်နာရီ ကိုးလက်မပတ်လည်တစ်လုံး(စက္ကူဘူးဖြင့်ထည့်လျက်) ပန်းသီးငါးလုံး၊ လန်ဒန်တံဆိပ် တစ်ခါသုံးဆပ်ပြာငါးတုံး၊ မြန်မာနိုင်ငံလုပ် ဗီတာမင်ပါဝါအချိုရည်ငါးဘူးနှင့် စုတ်ပြဲနေသော သိုးမွေးအဝတ်ရုပ်အပိုင်းအစများကို တွေ့ရှိခဲ့ရကြောင်း။

## ဖော်ထုတ်ဟန့်တားနိုင်

အဆိုပါ ဇော်ဂျီဟောက်စ် စားသောက်ဆိုင်တွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှု ဖြစ်စဉ်နှင့် တစ်ဆက်တစ်စပ်တည်းမှာပင် မသမာသူအဖျက်သမားများ၏ ဖောက်ခွဲမှုတစ်ခု မဖြစ်ပွားအောင် လုံခြုံရေးသတိရှိသူ ပြည်သူတစ်ဦး၏ တာဝန်သိစွာ သတင်းပေးပို့မှုကြောင့် ဖော်ထုတ်ဟန့်တားနိုင်သောဖြစ်စဉ်လည်း ရှိခဲ့ပါကြောင်း၊ ၎င်းဖြစ်စဉ်နှင့် ဆက်စပ်၍ စုံစမ်းဖော်ထုတ်မှုများရှိနေသဖြင့် ယခုမှ ရှင်းလင်းတင်ပြရခြင်းဖြစ်ပါကြောင်း။

*စာမျက်နှာ ၆ ကော်လံ ၁*



**ဘားအံမြို့ အောင်သံလွင် အားကစားကွင်းရှေ့မျက်နှာစာရှိ မျောက်မင်း အားကစားပစ္စည်းအရောင်းဆိုင်အတွင်း ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။** (သတင်းစဉ်)



**ဘားအံမြို့ အောင်သံလွင် အားကစားကွင်း ရှေ့မျက်နှာစာရှိ မျောက်မင်း အားကစားပစ္စည်း အရောင်းဆိုင်အတွင်း ဗုံးပေါက်ကွဲမှု မှတ်တမ်းများကို တွေ့ရစဉ်။** (သတင်းစဉ်)





## ပြည်တွင်းရှိ အချို့သောနိုင်ငံရေးပါတီများ အကြမ်းဖက်အဖွဲ့များနှင့်ဆက်စပ်ပတ်သက်နေ

ပြည်တွင်းရှိ အချို့သော နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးစသည့် စကားလုံးများသုံးနေသော်လည်း အကြမ်းဖက် အဖျက်သမား အဖွဲ့များဖြစ်သည့် NCGUB၊ ABSDF၊ ဘိန်းမှောင်ခို အကြမ်းဖက် သောင်းကျန်းသူ ရွက်ဆစ်အဖွဲ့၊ နယ်စပ်ဒေသရှိ အခြားအဖျက်သမားအဖွဲ့များနှင့် ဆက်စပ်ပတ်သက်မှုများ၊ ဆက်သွယ်ဆက်ဆံမှုများနှင့် ပူးပေါင်းလုပ်ဆောင်မှုများရှိနေသည့် သတင်းများကိုလည်း ရရှိထား။

**စာမျက်နှာ ၅ မှ**

ထိုဖြစ်စဉ်မှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း နေပြည်တော်ရုပ်ရှင်ရုံရှေ့တွင် ၂၁-၁၂-၂၀၀၄ ရက်နေ့ မွန်းလွဲ ၁၃း၁၀ နာရီ၌ ယာဉ်မောင်း ဦးအောင်မြင့်ဆွေ၊ အသက်(၄၀) (ဘ)ဦးမောင်ကို (ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်)မောင်းနှင်သော ယာဉ်အမှတ်၁/၄၁၉၇ အက်(စ်)အီး(အဖြူရောင်)အငှားယာဉ်ကို အသက်(၄၅) နှစ်ခန့်ရှိ လူတစ်ဦးက ကားငှားမည်ဟုပြောဆိုပြီး ၎င်းတွင်ပါလာသော Polo Club တံဆိပ်ပါ ဘီးတပ်ထားသည့် ခရီးဆောင်အိတ်တစ်လုံး၊ အပြာရောင် ပလတ်စတစ်ဆွဲခြင်းတစ်လုံး၊ လက်ကိုင်ပါ ပလတ်စတစ်အိတ် တစ်လုံးတို့ကို မော်တော်ကားပေါ်တွင် ထားရစ်ခဲ့ကာ ရေသန့်ဘူးဝယ်မည်ဟုပြောဆိုပြီး ထွက်သွားခဲ့ကြောင်း၊ မွန်းလွဲ ၁၄း၁၅ နာရီအထိ ထိုသူပြန် ရောက်လာခြင်းမရှိ၍ ယာဉ်မောင်း ဦးအောင်မြင့်ဆွေက ကျောက်တံတားရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် ရဲစခန်းက ပစ္စည်းများကို စစ်ဆေးရာ Polo Club ခရီးဆောင်အိတ်အတွင်းမှ ဂျင်းအင်္ကျီလက်ရှည်တစ်ထည်၊ ပုဆိုးတစ်ထည်၊ လက်ကိုင်ပါ ပလတ်စတစ်အိတ်အတွင်းမှ တိပ်အပြာရောင်ဖြင့် ပတ်ထားသည့် ပန်းရောင်ပလတ်စတစ် ထမင်းဘူးတစ်ဘူးနှင့် ထမင်းဘူးအတွင်းမှ ဝါယာကြိုးနှင့် စနက်တံတို့ကို တွေ့ရှိခဲ့ရကြောင်း။

အဆိုပါ ပလတ်စတစ် ထမင်းဘူးကိုသက်ဆိုင်ရာလက်နက်ခဲယမ်းကျွမ်းကျင်သူများအဖွဲ့က စစ်ဆေးခဲ့ရာတွင် ချိန်ကိုက်မိုင်း(Local Made) ဖြစ်နေပြီး တည်ဆောက်ထားပုံမှာ အလျား ခုနစ်လက်မ၊ အနံ ငါးလက်မ၊ အမြင့်နှစ်လက်မ ခန့်ရှိသော ပလတ်စတစ် ထမင်းဘူးအတွင်း၌ ဘက်ထရီ(ခဲတံခဲ)၊ အလျား ၅၁သမ၂ စင်တီမီတာရှိ စနက်တံ (Detonater)၊ အချင်း ခြောက်စင်တီမီတာရှိ ယမ်းပြင်း(Explosive)ကို အလျား ခြောက်လက်မ၊ အနံ နှစ်လက်မ၊ အမြင့် လက်မဝက်ခန့်ရှိ ကွန်ပါဘူးငယ်အတွင်း ထည့်သွင်းထားပြီး ခလုတ်(Switch)နှင့် ချိန်ကိုက်စနစ်အတွက် နာရီကို အသုံးပြုထားသည်ကို တွေ့ရှိရကြောင်း။

အဆိုပါ ချိန်ကိုက်မိုင်းတွင် အသုံးပြုထားသော ယမ်းပြင်းမှာ ပျော့ပျောင်းပြီး စေးကပ်သော အနေအထားရှိသည့် ပလတ်စတစ်ယမ်း (Plastic Explosive) အမျိုးအစား ဖြစ်ပြီး စနက်တံမှာ Commercial အမျိုးအစားဖြစ်သည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း။

### သုံးသပ်တွေ့ရှိ

ဖော်ပြပါ ပလတ်စတစ် ထမင်းဘူးဖြင့်ပြုလုပ်ထားသော ချိန်ကိုက်မိုင်းတွင်ထည့်ထားသော ပလတ်စတစ်ယမ်းအမျိုးအစားမှာ မိမိတို့တိုင်းပြည်တွင်း၌ အသုံးပြုမှုမရှိသော၊ ဝယ်ယူ၍လည်း မရရှိနိုင်သော ယမ်းအမျိုးအစားဖြစ်ပြီး ပြည်ပနှင့် ဆက်စပ်နေသည့် နယ်စပ် ဒေသများတွင်သာ ဝယ်ယူရရှိနိုင်သော၊ အသုံးပြုလေ့ပြုထရှိသော ယမ်းအမျိုး အစားဖြစ်ကာ ပေါက်ကွဲပြီး ချိန်တွင် အချို့သော ယမ်းများကဲ့သို့ ယမ်းနံ့ထွက်ခြင်း မရှိဟုလည်း သိရကြောင်း၊ ဆက်စပ်တင်ပြရလျှင် ဇော်ဂျီဟောက်စ်စားသောက်ဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွားလျှင် ဖြစ်ပွားချင်း သက်ဆိုင်ရာတာဝန်ရှိသူများ ဆိုင်အတွင်းသို့ ဝင်ရောက်စစ်ဆေးခဲ့ရာတွင် ယမ်းပေါက်ကွဲမှု အနံ့အသက်မရရှိခဲ့သဖြင့် ဇော်ဂျီဟောက်စ် စားသောက်ဆိုင်အတွင်း၌ ပေါက်ကွဲခဲ့သော ချိန်ကိုက်မိုင်းကိုလည်း အလားတူ ပလတ်စတစ်ယမ်းဖြင့်သာ တပ်ဆင်ပြုလုပ်ထားခြင်းဖြစ်နိုင်ကြောင်း၊ အဆိုပါ ချိန်ကိုက်မိုင်းများကို နယ်စပ်ဒေသတွင်သာ ဖောက်ခွဲရေးသင်တန်းပေးထားသူများက စနစ်တကျပြုလုပ်ပြီး ယခုကဲ့သို့ ပြည်တွင်းသို့ သယ်ဆောင်ရောက်ရှိလာခြင်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

ယင်းကဲ့သို့ ရန်ကုန်မြို့၌ ပေါက်ကွဲမှုဖြစ်ပွားပြီး နောက်ပိုင်းတွင် ကရင်ပြည်နယ်ဘားအံမြို့အောင်သံလွင်အားကစားကွင်း အရှေ့မျက်နှာစာရှိ 'မျောက်မင်း' အားကစားပစ္စည်းအရောင်းဆိုင်အတွင်း၌၂၄-၁၂-၂၀၀၄ ရက်နေ့ နံနက် ၁၁း၅၅ နာရီတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြန်ကြောင်း၊ ပေါက်ကွဲမှုကြောင့် စအောင်မျိုးမြတ်(ခ) မျိုးမျိုး (အသက်၂၀)(ဘ) ဦးမန်းအောင်လွင်၊ ပထမနှစ် အဝေးသင်တက္ကသိုလ် (တံတားဦးရပ်၊ ကော့ကရိတ်မြို့)၏ မျက်နှာ၊ ရင်ဘတ်၊ ဝမ်းဗိုက်များတွင် ထိခိုက်ဒဏ်ရာများ၊ ညာလက်ကောက်ဝတ်ပြတ်သည့်ဒဏ်ရာ၊ ညာဒူးဆစ်ပြတ်သည့်ဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးသွားခဲ့ရကြောင်း၊ ထို့အတူ ချစ်ညီညီ(၁၉)နှစ် (ဘ)ဦးမောင်မောင်အေး(၃)ရပ်ကွက်၊ ကော့ကရိတ်မြို့၊ အောင်စိုးမိုး(၁၉)နှစ် (ဘ)ဦးစိုးလှိုင်(အလယ်ရွာ၊ကော့ကရိတ်မြို့)နှင့် မျောက်မင်းအားကစားပစ္စည်းအရောင်းဆိုင်မှ ဝင်းဘုန်းကျော် (၁၇နှစ်)(ဘ)ဦးကျော်ညွန့်တို့၏ ခန္ဓာကိုယ်တွင် ဒဏ်ရာအသီးသီးရရှိခဲ့ပြီး ဘားအံမြို့ ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တင်ပို့ကုသထားခဲ့ရကြောင်း။

### ပေါက်ကွဲမှုဖြစ်ပွား

ဖြစ်ပွားပုံမှာ ၂၄-၁၂-၂၀၀၄ ရက်နေ့ နံနက် ၀၉း၃၀ နာရီတွင် ကရင်ပြည်နယ် ကျောင်းသား ဘောလုံးလက်ရွေးစင်များဖြစ်သော စအောင်မျိုးမြတ်၊ ချစ်ညီညီနှင့် အောင်စိုးမိုးတို့သုံးဦးသည် ဘားအံမြို့ အောင် သံလွင်အားကစားကွင်းတွင် ကျင်းပသော ကျောင်းသားအားကစားပွဲသို့ သွားရောက်ရန် ကော့ကရိတ်-ဘားအံ ခရီးသည်တင်ယာဉ်အမှတ် ၉က/၁၃၆၅ ဟိုင်းလပ်ယာဉ်ဖြင့် လိုက်ပါခဲ့ပြီး နံနက် ၁၁း၅၀ နာရီ၌ ဘားအံမြို့ အောင်သံလွင်အားကစားရုံရှေ့သို့အရောက်တွင် ခရီးသည်အားလုံးနှင့်အတူ ယာဉ်ပေါ်မှ ဆင်းကြကြောင်း၊ စအောင်မျိုးမြတ်တို့ သူငယ်ချင်းသုံးဦး ယာဉ်ပေါ်မှ ဆင်းပြီး မျောက်မင်း အားကစားပစ္စည်းအရောင်းဆိုင်ရှိ သူငယ်ချင်းထံသို့ သွားရောက်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် ခရီးသည်တင် ဟိုင်းလပ် ယာဉ်နောက်လိုက် စန်းထွေး (ခ)ရှမ်းပုပ်က ယာဉ်ပေါ်တွင် ရေဒီယိုကက်ဆက်တစ်လုံးကျန်ရစ်နေကြောင်း ပြောပြီး စအောင်မျိုးမြတ်တို့အဖွဲ့ကို လိုက်ပေးသဖြင့် လူငယ်များပီပီ စူးစမ်း လေ့လာလိုစိတ်ဖြင့် ကက်ဆက်ကို ခလုတ်နှိပ်ပြီး ဖွင့်ကြည့်မိရာမှ ယင်းကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း။

ဘားအံပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ ခရီးသည်တင်ဟိုင်းလပ်ယာဉ်အမှတ် ၉က/၁၃၆၅ မှ ယာဉ်နောက်လိုက် စန်းထွေး(ခ) ရှမ်းပုပ်(၂၈)နှစ် (ဘ)ဦးကျော်ရှိန်(၃ ရပ်ကွက်၊ ကော့ကရိတ်မြို့)ကို ချက်ချင်းဖမ်းဆီးစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ စန်းထွေး(ခ) ရှမ်းပုပ်သည် စာမေးပွဲနှစ်နှစ်ကျ၍ ၁၉၉၇ ခုနှစ် နှစ်ဆန်းတွင် တစ်ဖက်နိုင်ငံသို့ အလုပ်လုပ်ရန် တောလမ်းခရီးဖြင့် အသွား ကော့ကရိတ်နှင့် မြဝတီအကြား တောင်ပြတ်အကောက်စခန်းတွင် ၎င်း၏ကျောင်းသားကတ်ကို ဂိတ်မှူး ကျော်လေးဆိုသူက စစ်ဆေးတွေ့ရှိခဲ့ရာမှ ABSDF အဖွဲ့သို့ဝင်ရန် စည်းရုံးခဲ့ကြောင်း၊ ၎င်းက တစ်ဖက်နိုင်ငံမှ အပြန်တွင် ABSDF အဖွဲ့သို့ဝင်ပါမည်ဟု ကတိပြု၍ တစ်ဖက်နိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့ပြီး မယ်ထော်ရေခဲစက်တွင် တစ်လ၊ တောင်ယာလုပ်ငန်းတွင် နှစ်လ၊ မယ်ထော်သိုးမွေးစက်ရုံတွင် သုံးလ စုစုပေါင်း ခြောက်လခန့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်တွင် တစ်ဖက်နိုင်ငံ မယ်ထော်ရွာ ဆွယ်တာစက်ရုံမှထွက်ခဲ့ပြီး မြဝတီမှ သင်္ကန်းညီနောင်သို့ မော်တော်ယာဉ်ဖြင့် လိုက်ပါခဲ့ကြောင်း၊ ထိုမှ တောလမ်းအတိုင်း ကော့ကရိတ်သို့အပြန် တောင်ပြတ်အကောက်စခန်း၌ ကျော်လေးတို့အဖွဲ့နှင့် ပြန်ဆုံခဲ့ကြောင်း။

ကျော်လေးက ၎င်းအား ABSDF အဖွဲ့သို့ဝင်ရန် ထပ်မံစည်းရုံးသဖြင့် ရှမ်းပုပ်က သုံးလပြည့်ပါက ပြန်လာမည်ဖြစ်ကြောင်း ပြောပြီး ကော့ကရိတ်တွင် နှစ်လ၊ တောင်ငူတွင်တစ်လ ရှောင်တိမ်းခဲ့ကြောင်း၊ ထို့နောက် တောင်ငူမှ ကော့ကရိတ်သို့ပြန်လာခဲ့ကာ နေအိမ်တွင် ရှစ်ရက်ခန့် နေပြီးနောက် ကျော်လေးရှိရာတောင်ပြတ်အကောက်စခန်းသို့ သွားရောက်ခဲ့ကြောင်း၊ တောင်ပြတ်စခန်း၌ တစ်ညအိပ်၍ နောက်တစ်နေ့နံနက် ၆း၀၀ နာရီတွင် ခရီးဆက်ခဲ့ရာ ABSDF စခန်းရှိသည့် တစ်ဖက်နိုင်ငံနယ်စပ် (ဒေသအခေါ် လှိုင်ဘွားစခန်း) သို့ ညနေ ၁၇း၀၀ နာရီတွင် ရောက်ရှိခဲ့ကြောင်း။

### လက်တွေ့ပြသသင်ကြား

လှိုင်ဘွားစခန်းသည် ABSDF ဖောက်ခွဲဖျက်ဆီးရေးသင်တန်းပို့ချရာစခန်းတစ်ခုဖြစ်ပြီး ၎င်းအဖွဲ့ကို ဗိုလ်ကြီးအဆင့်ရှိသူ စောကျော်လေး(ခ)စောသမူဟဲက ကွပ်ကဲအုပ်ချုပ်ကြောင်း၊ ၈၈ အရေးအခင်းတွင် ပါဝင်ခဲ့သူ ကျောင်းသား ၁၅ ယောက်ခန့်နှင့် အခြားအဖျက်သမားအဖွဲ့ဝင်များ ပူးပေါင်းနေကြပြီး စုစုပေါင်းအင်အား ၆၀ ခန့်ရှိကြောင်း၊ ကျော်လေး(ခ) စောကျော်လေး(ခ)စောသမူဟဲသည် စန်းထွေး(ခ)ရှမ်းပုပ်ကို စခန်းရောက်စ နှစ်လခန့်သာ စားဖိုဆောင်၌ တာဝန်ပေးပြီးနောက်ပိုင်းတွင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းကို စာတွေ့လေ့လာစေခဲ့ကြောင်း၊ ဆက်လက်၍ အသင့်လုပ်ပြီးမိုင်းများ ချထားပုံ ချထားနည်းကို လက်တွေ့ပြသသင်ကြားပေးကာ ကော့ကရိတ်နှင့် ဘားအံမြို့၌ တစ်ကြိမ်စီ ဖောက်ခွဲဖျက်ဆီးရန်တာဝန်ပေး စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ကျော်လေး (ခ) စောကျော်လေးသည် ပထမဆုံး အကြိမ်အဖြစ် စန်းထွေး(ခ)ရှမ်းပုပ်အား နိုဝင်ဘာလ ၂၂ရက် နံနက်ဝ၃း၀၀နာရီတွင် ခင်နိမ်းမူဂိတ်၌ ချိန်းတွေ့ခဲ့ပြီး အဝေးထိန်းခလုတ်ဖြင့် ခွဲရသည့် အသင့်လုပ်မိုင်းတစ်လုံးပေး၍ ကော့ကရိတ်မြို့ အထွက်ရှိ ခင်နိမ်းမူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မိုင်းထောင်ရန် စေခိုင်းခဲ့ကြောင်း၊ ထို့ကြောင့် ရှမ်းပုပ်က ထိုမိုင်းကို ရေမြောင်းအနီး သစ်ပင်အကွယ်၌ ထောင်ထားခဲ့ပြီး ထိုနေ့နံနက် ၁၀း၀၀ နာရီတွင် အဝေးထိန်းခလုတ်ဖြင့် ကော့ကရိတ်သုသာန်ကုန်းနေရာမှ ဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း၊ စန်းထွေး (ခ) ရှမ်းပုပ်သည် မိုင်းခွဲပြီးနောက် ယာဉ်နောက်လိုက်အဖြစ် ဟန်မပျက် ဆက်လက် ဆောင်ရွက်နေခဲ့ကြောင်း။

ကျော်လေး (ခ) စောကျော်လေးသည် ရှမ်းပုပ်အား လျှို့ဝှက်ဆက်သွယ်ရန်အတွက် ကော့ကရိတ်မြို့ အရှေ့ဘက် တစ်မိုင်ကျော်ခန့်အကွာရှိ ရွှေကြက်ယက်ဘုရား အနောက်ဘက်ကုန်း တောချုံကို ဆုံရပ်အဖြစ် သတ်မှတ်ပေးကာ ၎င်း၏ တပည့်ဖြစ်သူ စောတမူးနှင့် မောင်ကျော်ဆိုသူတို့အားစေလွှတ် တွေ့ဆုံစေပြီး ညွှန်ကြားမှုများပေးခဲ့ကြောင်း။

### ပစ်မှတ်သတ်မှတ်

ဒီဇင်ဘာ၂၁ရက်တွင် ကျော်လေး(ခ)စောကျော်လေးသည် တပည့်ဖြစ်သူ မောင်ကျော်အား ရှမ်းပုပ်ထံစေလွှတ်၍ ဒီဇင်ဘာလ၂၃ရက်၌ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းကို စောတမူးလာရောက်ပို့မည်ဖြစ်ကြောင်း၊ ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ ပြုလုပ်မည့် အားကစားပွဲကို ပစ်မှတ်သတ်မှတ်ပြီး ၎င်းဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို ချထားရန်ညွှန်ကြားခဲ့ကြောင်း၊စန်းထွေး(ခ)ရှမ်းပုပ်သည် ကျော်လေး(ခ)စောကျော်လေး၏ ခိုင်းစေချက်နှင့်အညီ ဒီဇင်ဘာ၂၃ရက် ည၁၈း၃၀နာရီတွင် စောတမူးနှင့်တွေ့ဆုံ၍ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို လက်ခံရယူပြီး ကော့ကရိတ်ဘောလုံးကွင်းထောင့်၌ သဲဖြင့် ဖုံးအုပ်ထားခဲ့ကြောင်း၊ ဒီဇင်ဘာလ၂၄ ရက်နေ့ နံနက် ဝ၅း၄၀ နာရီတွင် ၎င်းအထုပ်ကို သွားရောက်ဖော်ယူခဲ့ပြီး လွယ်အိတ်ထဲ၌ထည့်ကာ အမေ့အိမ်လက်ဖက်ရည်ဆိုင်နှင့် ကိုက်၁၀၀ အကွာ ခြံထောင့်၌ ခေတ္တထားခဲ့ကြောင်း၊ ယာဉ်မောင်းများ လက်ဖက်ရည်သောက်ချိန်၌ ဖောက်ခွဲရေးပစ္စည်းကို ကြွပ်ကြွပ်အိတ်နှင့်ထည့်ကာ ကားပေါ်သို့တင်ခဲ့ပြီး မူလကဖောက်ခွဲရေးပစ္စည်းထည့်ခဲ့သည့် လွယ်အိတ်ကို လွှင့်ပစ်ခဲ့ကြောင်း။

ဘားအံမြို့အောင်သံလွင်အားကစားကွင်းအနီးရောက်ချိန်တွင် ကားပေါ်၌ စီးနင်းလိုက်ပါလာသူ ပြည်နယ်ကျောင်းသား ဘောလုံးလက်ရွေးစင် အားကစားသမားသုံးဦးကို တွေ့ရှိသဖြင့် ၎င်းတို့အား ပစ်မှတ်ထားခဲ့ကြောင်း၊ စအောင်မျိုးမြတ်တို့သုံးဦးထံ ၎င်းကြွပ်ကြွပ်အိတ်အထုပ်ကို လိုက်ပေးခဲ့ရာ စအောင်မျိုးမြတ်တို့သုံးဦးက မျောက်မင်းအားကစားပစ္စည်းအရောင်းဆိုင်အတွင်း၌ကြွပ်ကြွပ်အိတ်အတွင်းမှကက်ဆက်ကို ထုတ်ကြည့်ပြီး ခလုတ်နှိပ်မိလိုက်စဉ် ယင်းကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ စောကျော်လေး(ခ)စောသမူဟဲသည် ABSDF တပ်ရင်း(၉)၊ တပ်ခွဲ(၂) ခွဲမှူးဖြစ်ပြီး တပ်ရင်းမှူးမှာ စောကြည်လင်ဖြစ်ကြောင်း၊စောကြည်လင်သည်တစ်ဖက်နိုင်ငံအတွင်း၌သာ အနေများသည်ဟု စစ်ဆေးဖော်ထုတ်သိရှိရကြောင်း။

ဆက်လက်၍ ရန်ကုန်မြို့ ဇော်ဂျီဟောက်စ်စားသောက်ဆိုင် ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်နေသော အေအက်ဖ်ပီသတင်းဌာနမှ ထုတ်ပြန်ခဲ့သည့် သတင်းကိုလည်း ဆက်စပ်သုံးသပ်နိုင်ရန် တင်ပြမည်ဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့ ဇော်ဂျီဟောက်(စ်) စားသောက်ဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် သတင်းကို ဒီဇင်ဘာ၂၂ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပြီး နောက်တစ်နေ့ဖြစ်သည့် ဒီဇင်ဘာလ ၂၃ရက်နေ့၌ အဆိုပါ ဗုံးပေါက်ကွဲမှု အဖျက်လုပ်ရပ်သည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း၊ စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်များ အဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်ဟု အေအက်ဖ်ပီ သတင်းတွင်ဖော်ပြခဲ့ကြောင်း၊ စွမ်းအားမြင့် မြန်မာ ကျောင်းသားစစ်သည်များ အဖွဲ့က ဒေါ်စုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးကို ချက်ချင်းလွှတ်ပေးဖို့နဲ့ နိုင်ငံတော်အာဏာကို NLD ကို လွှဲပြောင်းပေးဖို့ တောင်းဆိုထားကြောင်း၊ တောင်းဆိုချက်တွေကို မလိုက်လျောခဲ့ရင် နောက်ဆက်တွဲ တိုက်ခိုက်မှုတွေ ထပ်လုပ်မယ်လို့ သတိပေးလိုက်တဲ့အကြောင်း အဲဒီ ထုတ်ပြန်ချက်မှာ ဖော်ပြထားတယ်လို့ အေအက်ဖ်ပီသတင်းက ဆိုပါသည်ဟု ၂၄-၁၂-၂၀၀၄ ရက်နေ့ နံနက် ၆း၀၀ နာရီတွင် ဗွီအိုအေက ကြေညာသွားပါကြောင်း။

အဆိုပါသတင်းကြေညာချက်များနှင့်အတူ ပြန်လည်ခေါင်းထောင်ပေါ်ထွက်လာသည့် စွမ်းအားမြင့်မြန်မာကျောင်းသား စစ်သည်များအဖွဲ့ဆိုသည်မှာ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးကို ပြည်ဝင်ခွင့်ဗီဇာလာယူသူများအသွင်ဆောင်ပြီး လက်နက်ကိုင်အကြမ်းဖက် စီးနင်းမှုကျူးလွန်ခဲ့သည့် အဖွဲ့ပင်ဖြစ်ကြောင်း၊ ထိုအကြမ်းဖက်မှုကို ABSDF တပ်ရင်း (၂၁၀)မှ ဂျော်နီ(ခ) ကျော်ဦးက ခေါင်းဆောင်ပြီး ၎င်းအဖွဲ့မှပင် ဗေဒါ(ခ)မြင့်သိန်းနှင့် ဆွေမင်း၊ ကရင်သောင်းကျန်းသူအဖွဲ့မှ သားငယ်နှင့် God's Children Army ဆိုသည့် အဖွဲ့မှ ကရင်လူငယ်တစ်ဦးတို့ ပါဝင်ပူးပေါင်း လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ၄ ရက်နှင့် ၆ ရက်နေ့များတွင် သတင်းစာ ရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး သတင်းစာများတွင် အပြည့်အစုံ ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း။

### ပါဝင်ဖွဲ့စည်းထား

စွမ်းအားမြင့်မြန်မာကျောင်းသား စစ်သည်များအဖွဲ့[Vigorous Burmese Student Warriors (VBSW)]ကို အဖွဲ့ဝင် ၁၈ ဦးဖြင့် ၁၉၉၉ခုနှစ် ဩဂုတ်လ ၂၉ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၉ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့၌ အဖွဲ့ဝင် ခြောက်ဦး ထပ်မံဝင်ရောက်လာ၍ စုစုပေါင်းအဖွဲ့ဝင်၂၄ဦးရှိကြောင်း၊ God's Children Army အခြေပြုရာ တကိုယ်လိုင်းရွာ၌ ကျော်ဦးက ဦးဆောင်ပြီး ဆန်းနိုင်(ခ)ရဲသီဟ၊ မင်းလွင်၊ ကျော်ဦး(ခ)ဂျော်နီ၊လှအောင်၊ အောင်ကျော်ဆန်း၊ ကိုလတ်၊ ကျော်နိုင်၊ တင့်လွင်ဦး၊ သန့်ဇော်ဦး၊ နောင်ခမ်း၊ မြင့်သိန်း(ခ)ဗေဒါ၊ မင်းမင်းဦး၊ ရဲသူနိုင်(ဩစတြေးလျ)၊ တင်ခက်(ဂျပန်)၊ အောင်စိုး၊ ချိုတူး၊ မျိုးမြင့်၊ သန်းဌေး (ကနေဒါ)၊ ကျော်ဇင်၊ မြတ်အောင်ကျော်၊ သီဟ၊ မင်းနိုင်(အမေရိကန်)၊ စန်းဝင်းနှင့် မောင်ထွေးဆိုသူတို့ ပါဝင်ဖွဲ့စည်းထားသည်ဟု သိရကြောင်း။

### ပူးပေါင်းကြံစည်လုပ်ဆောင်

ယခု ရှင်းလင်းတင်ပြခဲ့သော သတင်းအချက်အလက်များ၊ ဖြစ်စဉ်ဖြစ်ရပ်များ၊ လူနှင့်ပစ္စည်း သက်သေခံအထောက်အထားများကို စုစည်းဆက်စပ်ပြီး ခြုံငုံသုံးသပ်ပါက နိုင်ငံမတည်မငြိမ်ဖြစ်စေရန်၊ ပြည်သူများအထိတ်တလန့်ဖြစ်စေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ ပျက်ပြားစေရန် ရည်ရွယ်လျက် အကြမ်းဖက်အဖျက်လုပ်ရပ်များကို NCGUB၊ NLD(LA)၊ ABSDF၊ စွမ်းအားမြင့်

***စာမျက်နှာ ၁၃ ကော်လံ ၁ သို့***



**နေရာပြမြေပုံ**

**၂၀၀၄ ခုနှစ်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်သတင်းဓာတ်ပုံနှင့် နေရာပြ မြေပုံကို တွေ့ရစဉ်။**

(သတင်းစဉ်)

29-12 (06).p65 1 3/24/05, 11:11 PM

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

## နိုင်ငံတော်ခေတ်ဝန်း ဖွံ့ဖြိုးတိုးတက်နေသော စက်မှုဇုန်များ

### ပုသိမ်စက်မှုဇုန်

ဧရာဝတီတိုင်း ပုသိမ်မြို့နယ်ရှိ ပုသိမ်စက်မှုဇုန် ဧရာမော်တော်ကားထုတ်လုပ်ရေးအလုပ်ရုံမှ မော်တော်ယာဉ်များကို ဤသို့ထုတ်လုပ်ပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



### လှိုင်သာယာစက်မှုဇုန်ရှိစက်ရုံ၊ အလုပ်ရုံများ

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ၏ မြင်ကွင်းကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

### ၁၉၈၈ နောက်ပိုင်း ပေါ်ထွန်းလာသော စက်မှုဇုန်များ

| စဉ် | ပြည်နယ်/တိုင်း | မြို့အမည် | အရေအတွက် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်း | ရန်ကုန် (အရှေ့ပိုင်း)စက်မှုဇုန် | ၄ |
| | | ရန်ကုန် (အနောက်ပိုင်း)စက်မှုဇုန် | |
| | | ရန်ကုန် (တောင်ပိုင်း)စက်မှုဇုန် | |
| | | ရန်ကုန် (မြောက်ပိုင်း)စက်မှုဇုန် | |
| ၂။ | မန္တလေးတိုင်း | မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ | ၃ |
| ၃။ | မကွေးတိုင်း | ရေနံချောင်း၊ ပခုက္ကူ | ၂ |
| ၄။ | ပဲခူးတိုင်း | ပြည်၊ ပဲခူး | ၂ |
| ၅။ | ဧရာဝတီတိုင်း | ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတ | ၃ |
| ၆။ | စစ်ကိုင်းတိုင်း | မုံရွာ၊ ကလေး | ၂ |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် | ၁ |
| ၈။ | တနင်္သာရီတိုင်း | မြိတ် | ၁ |
| ၉။ | ရှမ်းပြည်နယ် | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၁၉ |

### လယ်ယာလုပ်ငန်းခွင်သုံးထွန်စက်

နိုင်ငံတော်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စက်မှုဇုန်များထူထောင်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အေးသာယာစက်မှုဇုန်မှ မော်တော်ယာဉ်များအပြင် လယ်ယာသုံး ထွန်စက်များကိုလည်း ဤသို့ ထုတ်လုပ်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)







**သူ့ ကျွန် အဖြစ် ခံနစ် မခံ ဒို့ တွန်းလှန်**

မြန်မာ့ လွတ်လပ်ရေးသမိုင်းတွင် မြန်မာတို့သည် နယ်ချဲ့ ကျူးကျော်သူများကို ခုခံတိုက်ခိုက်ရာတွင် လည်းကောင်း၊ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲဝင်ရာတွင် လည်းကောင်း တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ရှပ်ရှပ်ချွံချွံ မျိုးချစ်စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့သဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့သည်။

# နယ်ချဲ့ရန်ကို တွန်းလှန်ခဲ့သည့် မျိုးချစ်တောင်သူလယ်သမားများ

## သုအောင် (အောင်လံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးအတိတေနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာပိုင်ဆိုင်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ယနေ့တိုင် ခံ့ညားထည်ဝါစွာ ရပ်တည်လျက်ရှိပေသည်။

ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ အသက်၊ သွေး၊ ချွေးပေးဆပ်၍ ရယူခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးသက်တမ်းသည် (၅၇)နှစ် ပြည့်တော့မည်ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကို လွယ်လင့်တကူ ပြန်လည်ရရှိခဲ့ခြင်း မဟုတ်ဘဲ တိုင်းရင်းသားညီအစ်ကို မောင်နှမများက ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို မြဲမြံစွာ အရင်းတည်၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို ရဲရင့် ထွန်းပြောင်သော ဇွဲသတ္တိဖြင့် သက်စွန့်ကြိုးပမ်းပါဝင် ဆင်နွှဲတိုက်ယူခဲ့ကြခြင်း ဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသော မျိုးချစ်တိုင်းရင်းသားများနှင့်အတူ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားများကလည်း နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲ၍ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူရန် ကြိုးပမ်းခဲ့ကြသည်။

အချိန်ကား ၁၉၃၀ပြည့်နှစ် ဒီဇင်ဘာလတွင် ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်သည် အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် အုပ်ချုပ်မှုစရိတ်များကာမိစေရန် အခွန်အတုတ်များကိုအတင်းအဓမ္မ ကောက်ယူခြင်း၊ ပို၍ စိုက်ပျိုးနိုင်ရန်ဟု အကြောင်းပြကာ ကုလားကူလီများကို ခေါ်လာ၍ စပါးစိုက်၊ ရိတ်သိမ်း၊ ကြိတ်နယ် လုပ်ငန်းများတွင် ဈေးပေါပေါနှင့် ခိုင်းသည်။ ၎င်းအပြင် ချစ်တီးယားခေါ် ချစ်တီးကုလားများကိုလည်း မြန်မာနိုင်ငံတွင်းသို့ ခေါ်သွင်းလာကြသည်။ ငွေကြေးတစ်ပြားတစ်ချပ်မှ မပါလာသော ၎င်းချစ်တီးကုလားများသည် ဗြိတိသျှဘဏ်တိုက်များမှ ငွေတစ်ရာလျှင် လေးကျပ်၊ ရှစ်ကျပ်နှုန်း အတိုးဖြင့် ထုတ်ချေးပြီး ချစ်တီးများက မြန်မာတောင်သူလယ်သမားများကို အတိုးနှုန်း ၁၅ ကျပ်မှ ၂၅ ကျပ်နှုန်းဖြင့် ပြန်လည်ချေးငှားကြသည်။ ချစ်တီးများထံမှ ငွေချေးရာ၌ စပါးပေးစနစ်ဖြင့် အပေါင်သဘော ချေးယူရသည်။ ထွက်ရှိသမျှသီးနှံများကို လက်ဝါးကြီးအုပ် ရောင်းချခြင်းဖြင့် အမြတ်အစွန်းရရှိရန် ကြိုးပမ်းခဲ့သည်။ မြန်မာ့ဆန်စပါးသည် နိုင်ငံခြားဈေးကွက်တွင် အရောင်းသွက်လာသည့်အတွက် စပါးဈေးမှာ လည်းကောင်းမွန်ခဲ့သည်။ သို့ရာတွင် အကျိုးအမြတ်များကား နယ်ချဲ့လက်ပါးစေ ချစ်တီးတို့လက်ထဲတွင်သာ ရှိခဲ့သည်။ တောင်သူလယ်သမားများအတွက် အကျိုးခံစားခွင့်ကား မရခဲ့ချေ။ ချစ်တီးတို့က တောင်သူလယ်သမားများ လယ်လုပ်နိုင်ရန် အတိုးကြီးကြီးဖြင့် ငွေထုတ်ချေးပြီး ငွေပြန်မဆပ်နိုင်က လယ်သိမ်း၊ နွားသိမ်း၊ စပါးသိမ်းဖြင့် တောင်သူလယ်သမားများမှာ အကြွေးသံသရာတွင် လည်ခဲ့ကြ ရသည်။ ၁၈၆၉ ခုနှစ် စူးအက် တူးမြောင်း ဖွင့်လှစ်ပြီးနောက်ပိုင်း မြန်မာ့ဆန်စပါး



သူ့ကျွန်မခံ နယ်ချဲ့ရန်ကို တွန်းလှန်ခဲ့သည့် တောင်သူလယ်သမား ခေါင်းဆောင် ဆရာစံ။

တောင်သူလယ်သမားများမှာ ချစ်တီးများထံ အကြွေးမပေးဆပ်နိုင်က လယ်များအသိမ်းခံရကာ လယ်မဲ့၊ ယာမဲ့ဘဝသို့ တဖြည်း ဖြည်းရောက်ရှိခဲ့ကြသည်။ တောင်သူလယ်သမားများသည် မိမိတို့ကိုယ်ပိုင်လုပ်ကိုင်နေသော လယ်မြေများ၊ နွားများကို ချစ်တီးများလက်သို့ ထိုးအပ်ရသော ဘဝသို့ ရောက်ရသည်။ မြန်မာ့ ဆန်စပါးကို စတီးဘရားသား ကုမ္ပဏီ၊ အင်္ဂလိုဘားမားကုမ္ပဏီကဲ့သို့ မျက်နှာဖြူကုမ္ပဏီကြီးများက ချုပ်ကိုင်လာကြပြီး စပါးဈေးကို ၎င်းတို့ကိုယ်တိုင် သတ်မှတ်၍ တောင်သူများ ထံမှဈေးနှိမ်ချ၍ ဝယ်ယူပြီး အမြတ်များများကျန်အောင် စီစဉ်ကြသည်။ ၁၉၂၉ ခုနှစ်မှ ၁၉၄၃ ခုနှစ်အတွင်း အောက်မြန်မာပြည်ရှိ လယ်မြေ ဧကပေါင်း နှစ်သန်းကျော်မှာ ချစ်တီးလက်သို့ ရောက်ရှိသွားသည်။

နယ်ချဲ့နှင့် အပေါင်းပါ ချစ်တီး များက မြေခွန်၊ လယ်ခွန်များနှင့် အတိုးများ မရမက တောင်းခံ၍ မပေးနိုင်လျှင် ရွာမီးရှို့၊ အမျိုး သမီးများအား စော်ကား၊ ကျွဲ၊ နွား၊ ပစ္စည်း၊ လယ်ယာများသာမက ကောက်ရိုးပုံကအစ သိမ်းယူ သည့်အပြင် အခွန်မပေးရေးတိုက်ပွဲကို ခေါင်းဆောင်သော လယ်သမား များကို ဖမ်းဆီးရိုက်နှက်ခြင်း ပြုလုပ်လာသည့်အတွက် မခံမရပ်နိုင် ဖြစ်ကာ ၁၉၃၀ပြည့်နှစ် ဒီဇင်ဘာ ၂၂ရက်တွင် သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရသည်။ တောင်သူလယ်သမား အရေးတော်ပုံကြီးသည် သာယာဝတီခရိုင် ရေတိုက်ရွာ၊ ဖားရွှေကျော်ရွာတို့မှ စတင်ခဲ့ရာ ဖားရွှေကျော် တိုက်ပွဲ၊ အလံတောင် တိုက်ပွဲ၊ ထန်းတောရွာတိုက်ပွဲနှင့် ဖျာပုံ၊ ဟင်္သာတ၊ အင်းစိန်၊ ပဲခူး၊ ပြည်၊ သရက်ခရိုင်နှင့် ရှမ်းပြည်နယ်သို့ပါ ပျံ့နှံ့ခဲ့သည်။

တောင်သူလယ်သမားအရေးတော်ပုံသည် သာယာဝတီခရိုင်နှင့် အင်းစိန် နယ်စပ်တစ်လျှောက်တွင် ပိုမို ပြင်းထန်ခဲ့သည်။ တောင်သူလယ်သမားခေါင်းဆောင် ဗိုလ်စံထူးနှင့် ဗိုလ်မြတ်အောင်တို့ အဖွဲ့သည် အင်းစိန်ခရိုင်မှ ကရင်မျိုးချစ်တို့နှင့် ... အား တိုက်ခိုက်ခဲ့ကြသည်။ ဟင်္သာ... ကရင်တိုင်းရင်းသားဗိုလ်ကျားက ... နယ်ရှိ ဗြိတိသျှတို့အား အပြင်းအထန်...

ထိုအချိန်တွင် သရက်ခရိုင်ဘ...

> **လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည်... အလယ်တွင် ခံ့ထည်စွာ ထာဝရတည်... တိုင်းရင်းသား ညီအစ်ကိုများ၏ စည်းလုံးညီညွ... ကာကွယ်စောင့်ရှောက် သွားကြရမည်ဖြစ်ပါသည်... အန္တရာယ်ကို တွန်းလှန်ဖယ်ရှားသွားရမည် ဖြ... လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတေ... အလယ်တွင် တင့်တယ်စွာ အမွန့်ရှည် တ... သည်။**

...ကာ တောင်သူလယ်သမားတော်လှန်... ခုနှစ် ဇန်နဝါရီလတွင် ဆရာစံ ခေါင်း... တော်လှန်ရေးသည် မြစ်ဝကျွန်းပေါ်နှင့် ... သို့တိုင် ပျံ့နှံ့ခဲ့သည်။

**တောင်သူလယ်သမားအရေး... မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက်... သည်။ နယ်ချဲ့တို့က ပြည်မ-တောင်တန်း... တောင်သူလယ်သမားအရေးတော်ပုံမှ... ညီညွတ်မှုအင်အားကို တိုးပွားရရှိခဲ့... ပြန်လည်ရရှိရေးသည် မြန်မာတိုင်းရင်း... ဆန္ဒ၊ တူညီသော ရည်မှန်းချက် ပန်းတိ... ပန်းတိုင်သို့ ရောက်ရှိရေးအတွက် ... ညီအစ်ကိုများ စုစည်းညီညွတ်ခဲ့ကြသ...**



သာယာဝတီမြို့၏အရှေ့မြောက်ဘက် ဖားရွှေကျော်ရွာသို့ ဝင်ရောက်လာသော နယ်ချဲ့တပ်များကို ကျေးရွာလူထုနှင့် မျိုးချစ်တောင်သူလယ်သမားများက ရှပ်ရှပ်ချွံချွံ အသက်စွန့်၍ ဤသို့ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

## သမားများ

လွတ်လပ်ရေး ရသည်ဆိုတိုင်း အချုပ်အခြာ အာဏာ ပိုင်သည် မဟုတ်၊ သူတစ်ပါးအနှောင်အဖွဲ့ ကင်းရှင်းပြီး ကိုယ့်နိုင်ငံကို ကိုယ့်စိတ်ကြိုက် ဖန်တီး နိုင်ခွင့်ရှိမှသာ လွတ်လပ်ပြီး အချုပ်အခြာ အာဏာပိုင်သည်ဟု ဆိုနိုင်သည်။

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

အင်းစိန်ခရိုင်မှ ကရင်မျိုးချစ်တို့နှင့် ပူးပေါင်းကာ နယ်ချဲ့ဗြိတိသျှတို့အား တိုက်ခိုက်ခဲ့ကြသည်။ ဟင်္သာတခရိုင် တောင်ပိုင်းတွင် လည်း ကရင်တိုင်းရင်းသားဗိုလ်ကျားက ဆရာစံနှင့် ပူးပေါင်းကာ ယင်းနယ်ရှိ ဗြိတိသျှတို့အား အပြင်းအထန် တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ထိုအချိန်တွင် သရက်ခရိုင်ဘက်၌လည်း ချင်း-ဗမာ ပူးပေါင်း

ချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် ကမ္ဘာ ခံ့ထည်စွာ ထာဝရတည်ရှိနိုင်ရေးအတွက် ညစ်ကိုများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ကျက် သွားကြရမည်ဖြစ်ပါသည်။ ပြည်တွင်းပြည်ပ းလှန်ဖယ်ရှားသွားရမည် ဖြစ်ပါသည်။ သို့မှသာ ည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ တယ်စွာ အခွန့်ရှည် တည်တံ့နိုင်မည် ဖြစ်ပါ

ကာ တောင်သူလယ်သမားတော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သည်။ ၁၉၃၁ ခုနှစ် ဇန်နဝါရီလတွင် ဆရာစံ ခေါင်းဆောင်သော တောင်သူလယ်သမား တော်လှန်ရေးသည် မြစ်ဝကျွန်းပေါ်နှင့် မြေပြန့်ဒေသမှသည် ရှမ်းပြည်နယ်သို့တိုင် ပျံ့နှံ့ခဲ့သည်။

**တောင်သူလယ်သမားအရေးတော်ပုံသည် နယ်ချဲ့ဆန့်ကျင်ရေး၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် များစွာ အရေးပါထိရောက်ခဲ့သည်။ နယ်ချဲ့တို့က ပြည်မ-တောင်တန်း ဟူ၍ သွေးခွဲအုပ်ချုပ်နေချိန်တွင် တောင်သူလယ်သမားအရေးတော်ပုံမှသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားကို တိုးပွားရရှိခဲ့သည်။ မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရေးသည် မြန်မာတိုင်းရင်းသား အားလုံးအတွက် တူညီသော ဆန္ဒ၊ တူညီသော ရည်မှန်းချက် ပန်းတိုင်ဖြစ်ရာ အဆိုပါ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရေးအတွက် မြေပြန့်တောင်ပေါ် တိုင်းရင်းသား ညီအစ်ကိုများ စုစည်းညီညွတ်ခဲ့ကြသည်။**



**ချဲ့တပ်များကို ကျေးရွာလူထုနှင့် ဩသည်။**

၁၉၃၁ ခုနှစ် ဇွန်လကုန်ခန့်တွင် ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်နယ်ဘက်တွင် ဆရာစံ ခေါင်းဆောင်သော ရှမ်း၊ ဗမာ၊ ပလောင်၊ ဓနုတိုင်းရင်းသားတို့သည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။ ၁၉၃၁ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် တောင်သူလယ်သမားတော်လှန်ရေးတပ်သားများ စခန်းချရာနေရာများကို ဗြိတိသျှတပ်က လိုက်လံတိုက်ခိုက်ရာ ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကူးလာသော တော်လှန်ရေးတပ်သားများနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဦးထွန်းလှခေါင်းဆောင်သော ရှမ်းတော်လှန်ရေးသမားများသည် ရှိသမျှ တောင်သူလယ်သမား အင်အားစုများကို စုစည်း၍ မက်ဆန်းဘောစခန်း၊

ဒရမ်းဗိုလ်စခန်း၊ ကျောက်ခေါင် စခန်းများမှ ချီတက်လာ၍ ဥဏ်တော်ကုန်းပေါ်မှ ပန်ချာပီတပ်များကို တိုက်ခိုက် အောင်မြင်ခဲ့သည်။

နောက်ဆုံးတွင် တောင်သူလယ်သမားအရေးတော်ပုံကြောင့် ဗြိတိသျှ အစိုးရသည် မြေခွန်လျှော့ချခြင်း၊ အမတော်ကြေးထုတ်ချေးခြင်း၊ အတင်းအကျပ် အခွန်ကောက်ခံမှုများ ရပ်ဆိုင်းခြင်းစသည်ဖြင့် အလျှော့ပေးလာခဲ့ရသည်။

သို့ရာတွင် တောင်သူလယ်သမားတို့သည် တော်လှန်ရေး အတွေ့အကြုံ မရင့်ကျက်ခြင်း၊ ခေတ်မီလက်နက် စွဲကိုင်တော်လှန်နိုင်မှု မရှိခဲ့ခြင်းတို့ကြောင့် အားမတန် မာန်လျှော့ကာ ဆရာစံနှင့် တော်လှန်ရေးသမား ၁၂၈ ဦးတို့ ဖမ်းဆီးခံရသည်။ သို့သော် နယ်ချဲ့တို့သည် တောင်သူလယ်သမားများကိုသာ ဖမ်းဆီးနိုင်ခဲ့သော်လည်း



**မျိုးချစ်တောင်သူလယ်သမားခေါင်းဆောင် ဆရာစံကို ဖမ်းမိရန် ဆုငွေ ကျပ်၅၀၀၀ ပေးမည်ဟူသော ပိုစတာကပ်၍ နယ်ချဲ့အစိုးရက ဤသို့ကြိုးပမ်းခဲ့ရသည်။**

တောင်သူလယ်သမား အရေးတော်ပုံသည် နယ်ချဲ့ ဆန့်ကျင်ရေး၊ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် များစွာအရေးပါ ထိရောက်ခဲ့သည်။ နယ်ချဲ့တို့က ပြည်မ-တောင်တန်းဟူ၍ သွေးခွဲ အုပ်ချုပ်နေချိန်တွင် တောင်သူလယ်သမား အရေး တော်ပုံမှသည် တိုင်းရင်းသားညီအစ်ကို စည်းလုံး ညီညွတ်မှုအင်အားကို တိုးပွားရရှိခဲ့သည်။ မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရေးသည် မြန်မာ တိုင်းရင်းသား အားလုံးအတွက် တူညီသော ဆန္ဒ၊ တူညီသော ရည်မှန်းချက်ပန်းတိုင်ဖြစ်ရာ အဆိုပါ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် မြေပြန့် တောင်ပေါ် တိုင်းရင်းသား ညီအစ်ကိုများ စုစည်း ညီညွတ်ခဲ့ကြသည်။

၎င်းတို့၏ သူ့ကျွန်မခံလိုသော မျိုးချစ်စိတ်ဓာတ်ကိုမူ ဖမ်းဆီးချုပ်နှိမ်ခြင်းငှာ မစွမ်းသာခဲ့ပါချေ။

မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် မြန်မာတို့သည် နယ်ချဲ့ကျူးကျော်သူများကို ခုခံတိုက်ခိုက်ရာတွင်လည်းကောင်း၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲဝင်ရာတွင်လည်းကောင်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ရှုပ်ရှုပ်ချွံချွံ မျိုးချစ်စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့သဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီးသော်လည်း ရရှိပြီးသောလွတ်လပ်ရေးကို တန်ဖိုးထားတတ်ရန်၊ တည်တံ့ခိုင်မြဲရန် ကာကွယ်စောင့်ရှောက်ရန် လိုအပ်လှပေသည်။

**"လွတ်လပ်ရေးရသည်ဆိုတိုင်း အချုပ်အခြာအာဏာပိုင်သည် မဟုတ်၊ သူတစ်ပါးအနှောင်အဖွဲ့ ကင်းရှင်းပြီး ကိုယ့်နိုင်ငံကို ကိုယ့် စိတ်ကြိုက် ဖန်တီးနိုင်ခွင့်ရှိမှသာ လွတ်လပ်ပြီး အချုပ်အခြာ အာဏာပိုင်သည်ဟု ဆိုနိုင်သည်"**ဟု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းညွှန်မိန့်ကြားခဲ့သည့်အတိုင်း **လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် ကမ္ဘာ့ အလယ်တွင် ခံ့ထည်စွာ ထာဝရတည်ရှိနိုင်ရေးအတွက် တိုင်းရင်းသား ညီအစ်ကိုများက စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ကာကွယ်စောင့်ရှောက် သွားကြရမည်ဖြစ်ပါသည်။ ပြည်တွင်းပြည်ပ အန္တရာယ်ကို တွန်းလှန်ဖယ်ရှားသွားရမည် ဖြစ်ပါသည်။ သို့မှသာ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ အခွန့်ရှည် တည်တံ့နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။** ။

မြန်မာ့လွတ်လပ်ရေးကို လွယ်လင့်တကူ ပြန်လည်ရရှိခဲ့ခြင်း မဟုတ်ဘဲ တိုင်းရင်းသား ညီအစ်ကို မောင်နှမများက ပြည်ထောင်စု စိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို မြဲမြဲစွာ အရင်းတည်၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို ရဲရင့်ထွန်းပြောင်သော ဇွဲသတ္တိဖြင့်သက်စွန့်ကြိုးပမ်း ပါဝင် ဆင်နွှဲတိုက်ယူခဲ့ကြခြင်း ဖြစ်သည်။

**မျိုးချစ်တောင်သူလယ်သမား တော်လှန်ရေးတပ်သားများက ဗြိတိသျှနယ်ချဲ့တပ်ကို အနိုင်ယူတိုက်ခဲ့သော သာယာဝတီမြို့နယ်ရှိ ဖားရွှေကျော်ရွာ၏ လယ်ကွင်းပြင်နေရာကို ဤသို့တွေ့ရသည်။**







## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဒိုက်ဦး-ညောင်ခါးရှည် လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ဆောင်းသီးနှံပဲစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### ❒ ရွှေဖုံးမှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်-မန္တလေး မော်တော်ကားလမ်းအတိုင်းဆက်လက်ထွက်ခွာလာကြရာ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၈၄/၅ရှိ ဒိုက်ဦး-ညောင်ခါးရှည်လမ်းဆုံသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒိုက်ဦး-ညောင်ခါးရှည်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာလာကြရာ မိုင်တိုင်အမှတ်၇/၁ နဂါးပေါက်ချောင်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဆောင်းသီးနှံပဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

#### စိုက်ပျိုးပြီးစီး

အဆိုပါ ဒိုက်ဦး-ညောင်ခါးရှည်လမ်းတစ်လျှောက် ဝဲယာရှိ ဒိုက်ဦးမြို့နယ်နှင့် ဝေါမြို့နယ်မှ ကျေးရွာအုပ်စု ရှစ်အုပ်စုတွင် ဆောင်းသီးနှံပဲမျိုးစုံ ဧက သုံးသောင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။ ဒိုက်ဦးမြို့နယ်တွင် ပဲမျိုးစုံဧက ခုနစ်သောင်း စိုက်ပျိုးရန် လျာထားသတ်မှတ်ရာ ယခုအခါ ၇၀၂၂၅ ဧက စိုက်ပျိုးပြီးစီးလျက်ရှိပြီး ဝေါမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးရန် ဧက ၉၅၄၀၀ လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ ၉၆၅၄၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ပဲခူးတိုင်း တစ်တိုင်းလုံးအနေဖြင့် ဆောင်းသီးနှံပဲမျိုးစုံ စိုက်ပျိုးရန် ဧက ၁၃၅၀၀၀၀ လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ ဧက ၁၂၄၀၀၀၀ စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဒိုက်ဦး-ညောင်ခါးရှည်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဖောက်လုပ်ခဲ့ပြီး လမ်းအရှည်မှာ ၂၁မိုင် ၂ဖာလုံရှိပြီး အကျယ် ပေ ၃၀ နှင့် အမြင့် ငါးပေရှိ မြေသားလမ်းဖောက်လုပ်ပြီးစီးပြီးဖြစ်သဖြင့် မြေသားလမ်းသစ်ဖွင့်ပွဲကို၂-၆-၂၀၀၂ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်သည်။

#### ဂဝံခင်းပြီး

အဆိုပါ လမ်းတွင် တံတားရှစ်စင်းရှိသည့်အနက် သစ်သားတံတားခြောက်စင်းမှာ တည်ဆောက်ပြီးစီးလျက်ရှိပြီး ပေ ၃၀၀အရှည် ရှိသည့် စစ်တောင်းတူးမြောင်းတံတားနှင့် နဂါးပေါက်ချောင်းတံတား နှစ်စင်းသာလျှင် တည်ဆောက်ရန် ကျန်ရှိသည်။ လမ်းကို ဂဝံကျောက်ခင်းခြင်း အနေဖြင့် ဒိုက်ဦးမြို့နယ်ဘက်တွင် နှစ်မိုင် ငါးဖာလုံနှင့် ဝေါမြို့နယ်ဘက်တွင် ငါးမိုင်လေးဖာလုံ စုစုပေါင်း ရှစ်မိုင်တစ်ဖာလုံ ဂဝံကျောက်ခင်းခြင်း ပြီးစီးနေပြီ ဖြစ်သည်။

အဆိုပါလမ်း လုံးဝပြီးစီးသွားပါက ရန်ကုန်-မန္တလေးလမ်းမှ မန္တလေး-ဒိုက်ဦး-မော်လမြိုင်လမ်းသို့သွားလာရာတွင် ၂၄မိုင်ခန့်လျော့နည်းသွားမည်ဖြစ်ကြောင်းသိရှိရသည်။

#### ရဲနွယ်ရေလှောင်တမံ

ထို့နောက် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူးဦးခင်မောင်ယုနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး(၄)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

#### အလေးထားဆောင်ရွက်

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ရဲနွယ်ရေလှောင်တမံ၏ လုပ်ငန်းကြီးသုံးရပ်ဖြစ်သည့် တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တည်ဆောက်ရေး(၄)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းက ရေယူအဆောက်အအုံလုပ်ငန်း၊ ရေယူဥမင်လိုဏ်တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စီမံကိန်းအား စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး၊ သတ်မှတ်ချိန်အမီ ပြီးစီးရေးနှင့် လုပ်ငန်းခွင်လုံခြုံရေးတို့ အလေးထားဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရှုရပ်မှနေ၍ ရဲနွယ်ရေလှောင်တမံပြီးစီးမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရဲနွယ်ရေလှောင်တမံသည်ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး နှစ်မိုင်ခွဲခန့်အကွာ ရဲနွယ်ချောင်းပေါ်တွင်တည်ရှိပြီး တမံအလျား ပေ ၁၀၅၀၊ တမံအမြင့် ၂၅၁ ပေနှင့် ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၁၂၁၂၆၀၀ ဧကပေ ရှိသည်။

ရဲနွယ် ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ၁၁၈၅၀၀ ဧကသို့ ဆည်ရေပေးဝေနိုင်မည့် အပြင် လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

#### ကြိုဆို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေ ၃ နာရီတွင် ပဲခူးတိုင်းရွှေကျင်မြို့အဝင်သို့ရောက်ရှိကြပြီး မြို့အဝင်၌ ရွှေကျင်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရွှေကျင်မြို့နယ်တွင် ဆီထွက်သီးနှံ ၁၂၂၀၅ ဧက၊ ပဲမျိုးစုံ ဧက ၉၀၀၀ ကျော်နှင့်နှမ်းစပါး ၁၁၅၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

#### ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ဒုတိယညွှန်ကြားရေးမှူးဦးကြီးစိုးက တမံတည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရှုရပ်မှ တမံတည်ဆောက်ပြီးစီးမှုနှင့်လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူးဦးကြီးစိုးက ရှင်းလင်းတင်ပြသည်။

အဆိုပါ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်း ပဲခူးခရိုင် ရွှေကျင်မြို့၏ အရှေ့မြောက်ဘက်ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးရွာအနီး ရွှေကျင်ချောင်းပေါ်တွင် တည်ရှိပြီး တမံအလျား ပေ၃၆၁၀၊ တမံအမြင့် ၁၈၅ပေ ရှိသည်။ တမံအမျိုးအစားမှာ ကျောက်ရော မြေသားတမံအမျိုးအစား ဖြစ်သည်။

ယင်းစီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ငါးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာသက္ကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးဘုရားကြီး (၁၀၄)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို၊ ဩဝါဒါစရိယဆရာတော်များ၏ဩဝါဒကိုခံယူကာ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဇန်နဝါရီ ၁၈ ရက်မှ ဇန်နဝါရီ၂၃ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ဆွမ်းဆန်စိမ်း(နဝကမ္မ)ပစ္စည်းစုံ၊ပဒေသာပင်လောင်းလှူပွဲများ ကျင်းပမည်ဖြစ်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် ပါဝင်လှူဒါန်းမည့်စေတနာရှင်၊ အလှူရှင်များသည်နေရာများအချိန်မီ စီစဉ်နိုင်ရန် ဂေါပကအဖွဲ့ရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၅၄၂၁၇၇ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

## ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းသို့ ငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကင်း ပြည်သာယာရွှေပြည်ဟိန်းကျောင်း၌ ပဓာနဦးဆောင်ဆရာတော် အရှင်ခေမာသိရီလင်္ကာရ၏ စီစဉ်မှုဖြင့် ဖွင့်လှစ်အပ်သော ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေပဒေသာပင် စိုက်ထူ လှူဒါန်းလျက်ရှိရာ ဒီဇင်ဘာ ၂၅ရက်က မုံရွာမြို့ဆုတောင်းပြည့်ဘုရားလမ်းနေ ရွှေဒေါင်းယာဉ်ပရိက္ခရာတိုက်မှကွယ်လွန်သူဦးထွန်းလှအားရည်စူး၍ ကျန်ရစ်သူဒေါ်ခင်ပုနှင့် မိသားစုက အလှူငွေ ကျပ်တစ်သိန်းတစ်သောင်းကို လည်းကောင်း၊ အောင်မင်္ဂလာရပ် ဒေါ်လှသင်း သမီးဒေါ်မာမာဦးမိသားစုက အလှူငွေကျပ်ငါးသောင်း၊ရန်ကင်းရပ်ထွန်းဝါဝင်းဝါးကပ်ရောင်းဝယ်ရေး မိသားစုက ကျပ်နှစ်သောင်းကို လည်းကောင်း ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းကြသည်။ အလှူရှင်များအနေဖြင့် ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၉-၁၂-၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Limits and Continuity (ပထမနှစ်) စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ ဒိုင်ယာရီ"** (အပိုင်း-၁၁)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၇)

## အောင်မေတ္တာလမ်း မဟာဒုက်တရားပွဲများ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် အနောက်အောင်မေတ္တာလမ်း (၁၊၂၊၃၊၄) မိသားစုတို့က စုပေါင်းကျင်းပသော စတုတ္ထအကြိမ်မြောက် သံဃာ့ဒါန မဟာဒုက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အကြိုတရားပွဲများ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၃၁ရက် ညတွင် ကြည့်မြင်တိုင်မြို့နယ် သာစုကျောင်းတိုက်မှ စာချဆရာတော် အရှင်တေဇာနန္ဒ၊ ဇန်နဝါရီ ၁ရက်နှင့် ၂ရက်ညများတွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## အာဆီယံတိုက်ဂါးဖလား အကြိုဗိုလ်လုပွဲစဉ်ယှဉ်ပြိုင် မလေးရှားက အိမ်ရှင်အင်ဒိုနီးရှားကို အနိုင်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားအသင်းက အိမ်ရှင် အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အင်ဒိုနီးရှားအသင်းအတွက် ကူနီရာဝမ်က ပွဲစပြီး ၆ မိနစ်အကြာတွင် ဦးဆောင်ဂိုးသွင်းယူသော်လည်း ပွဲချိန် ၂၇မိနစ်တွင် မလေးရှားအသင်းအတွက် ကစ်ကောင်းက ချေပဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၄၇ မိနစ်တွင် မလေးရှားအသင်းအတွက် ကစ်ကောင်းကပင် ဒုတိယဂိုးသွင်းယူပေးရာ ပွဲအပြီးတွင် မလေးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်းတို့သည် ဒုတိယအကျော့ပွဲစဉ်အဖြစ် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

#### ယနေ့ပွဲ

ဒီဇင်ဘာ ၂၉ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီအားကစားကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



❒ **ကျောဖုံးမှ**

## ဂုဏ်ပြုသီဆို

ယင်းနောက် တက်ရောက်လာကြသူများသည် မြို့တော်ခန်းမအတွင်း၌ နေရာယူကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက **'ရာသက်ပန်ပြည်ထောင်စု'**သီချင်းနှင့် **'ပြည်မြန်မာ'**သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ဆက်လက်၍လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကာလတွင် လူငယ်၊ လူလတ် အင်အားစုများဖြင့် စုစုစည်းစည်း ကျစ်ကျစ်လျစ်လျစ်၊ ဖွဲ့စည်းတည် ထောင်ထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် **နိုင်ငံတော်၏ အမျိုးသားအင်အားစု**အဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိပြီး နိုင်ငံတော် တည်ဆောက်ရေး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်နေကြသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များအားလုံး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူ့အကျိုးစီးပွားအတွက်၊ ဒေသဖွံ့ဖြိုးရေးအတွက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရင်း တစ်ဖက်ကလည်း မိမိတို့ အရည်အချင်း **စွမ်းရည်မြှင့်တင်ရေး**ကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

အသင်းကြီး၏ နာယက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **'မြန်မာ့လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်စွမ်းရှိသော မျိုးဆက်သစ် လူငယ်တို့ဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော် တည်ဆောက်ရေးနဲ့ ဒီမိုကရေစီ လူ့ဘောင်ထူထောင်ရေးမှာ လူသားအရင်းအမြစ်ဖြစ်တယ်'**ဟု မိန့်ကြားခဲ့ပါကြောင်း။

### လေ့ကျင့်ပျိုးထောင်

ထို့ကြောင့် အသင်းဝင်များကိုအရည်အတွက်သာမက အရည်အချင်းပါပြည့်ဝအောင်၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသသည် တကယ်တမ်းခြုံငုံသုံးသပ်ကြည့်လျှင် တိုင်းရင်းသားမျိုးနွယ်စုအများဆုံး စုစည်းနေထိုင်သည့် ပြည်ထောင်စုအငယ်လေးတစ်ခုပင် ဖြစ်ကြောင်း၊ ဤပြည်ထောင်စု အငယ်လေးက မိမိတို့ အသင်းအဆင့်ဆင့်သည် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရင့်သန်စွာဖြင့် ဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ မီးလင်းရေး လုပ်ငန်းများတွင် မနေမနားပါဝင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်၏ ကျေးဇူးတရားကို ပြန်လည်ပေးဆပ်နိုင်ခဲ့ကြကြောင်း။

### ပါဝင်ကူညီဆောင်ရွက်

နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး **ဘက်စုံဖွံ့ဖြိုးတိုးတက်မှု**များကို တိုင်းရင်းသား ပြည်သူအားလုံးနှင့် ပူးပေါင်းလက်တွဲကြိုးပမ်း တည်ဆောက်နေချိန်တွင် မိမိတို့ အသင်းကြီးကလည်း မိတ်ဖက်လူမှုအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်နေကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းအောင်ပွင့်က အဆိုတင်သွင်းဆွေးနွေးသည်။

### တင်သွင်းဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက်အကောင်အထည်ဖော်ရေးအဆိုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါက်တာ နန်းစိုးစိုးအောင်က အဆိုတင်သွင်း ဆွေးနွေးသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်ဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ဆောင်ရွက်ရန်လျာထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်များ အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ရေးအဆိုကို တင်သွင်းဆွေးနွေးသည်။

### ထောက်ခံဆွေးနွေး

ဆက်လက်၍ လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်ဆိုင်းခေါ်န်၊ မူဆယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမိုင်းထွန်းအောင်၊ လောက်ကိုင်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ် အမှုဆောင် ဒေါ်ဇင်မာဝင်း၊ ကျောက်မဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် တာကျော်အုန်းနှင့် ကွမ်းလုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်ဝင်းတို့က သက်ဆိုင်ရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ ကိုယ်စားအဆိုရှင်များ၏ အဆိုတင်သွင်း ဆွေးနွေးချက်များကို ထောက်ခံဆွေးနွေးကြသည်။

### ဂုဏ်ပြုဆုများချီးမြှင့်

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးသောင်း၊ ပြည်နယ်အလုပ်အမှုဆောင် ဦးစိုင်းကျော်မြင့်၊ ပြည်နယ်အလုပ်အမှုဆောင် ဦးစိုင်းမြင့်အေး၊ ပြည်နယ်အလုပ်အမှုဆောင် ဒေါ်နန်းကိန်ဖောင်းတစ်တို့က ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သဘာပတိက ယခုလုပ်ငန်းညှိနှိုင်း အစည်းအဝေးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ဦးတည်ချက်(၇)ရပ်၊ ၂၀၀၄-၂၀၀၅ ခုနှစ် ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများ အောင်မြင်အောင် ရှမ်းပြည်နယ်(မြောက်ပိုင်း )ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကြွေးကြော်သံများဖြင့် တစ်ခဲနက် ကြွေးကြော်ကြကာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) ၏ ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉) ရပ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကအကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက အဖွင့်အမှာ စကားပြောကြားစဉ်။** (သတင်းစဉ်)



**ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးစိုင်းအောင်ပွင့်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။**(သတင်းစဉ်)



**ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါက်တာ နန်းစိုးစိုးအောင်က အသင်းအဆင့်ဆင့်၏ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကိုဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်ဦးက ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ဆောင်ရွက်ရန် လျာထားသည့် ဦးတည်ချက်များအကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဆိုင်းခေါ်န်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**မူဆယ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမိုင်းထွန်းအောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**ကျောက်မဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် တာကျော်အုန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**ကွမ်းလုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်ဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**လောက်ကိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဇင်မာဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

## နယ်စပ်ဒေသ ကျောင်းသားများအတွက် စာအုပ်စာတမ်းများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၈**

နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများ၊ ဦးစီးဌာနအထောက်အပံ့ခံ ပရဟိတကျောင်းများနှင့် နယ်စပ်ဒေသရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ပြင်ပစာပေတိုက်များမှ ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ် ကမာရွတ်ဘုတာရုံလမ်းရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၌ ကျင်းပရာ ပြင်ပစာပေတိုက် အလှူရှင် ခုနစ်ဦးတို့က ငွေကျပ် ၃၉၁၆၀၀၀ တန်ဖိုးရှိ စာအုပ် ၈၅၇၀ ကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ အလှူရှင်များလှူဒါန်းသည့် စာအုပ်စာတမ်းများကို နယ်စပ်ဒေသရှိ ကျောင်းသား၊ ကျောင်းသူများထံ အမြန်ဆုံးပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

## လုပ်ငန်းဆောင်ရွက်ထားမှုတင်ပြ

ထို့နောက် စစ်ရေးပြလုပ်ငန်းအဖွဲ့၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း ခင်းကျင်းပြသရေးကော်မတီ၊ စာပေအနုပညာပြိုင်ပွဲကျင်းပရေးကော်မတီ၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ တက္ကသိုလ်၊ ကောလိပ်၊သိပ္ပံကျွမ်းကျင်ပညာရှင်များအဆင့်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဖိတ်ကြားရေး၊ စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲရွေးချယ်ဆုချီးမြှင့်ရေး၊ တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး၊ဆုချီးမြှင့်ရေး၊ ညစာစားပွဲ ကျွေးမွေးရေး၊ မုခ်ဦးတည်ဆောက်ရေး၊ စာပေအနုပညာပြိုင်ပွဲ၊ ပြပွဲခင်းကျင်းပြသရေး၊ နေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ တပ်မတော်နေ့ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး၊ မှတ်တမ်းစာအုပ်ပြုစုထုတ်ဝေရေး၊ တော်လှန်ရေးပန်းခြံ မွမ်းမံပြင်ဆင်ရေးကော်မတီ၊ မြို့မကွင်း မွမ်းမံပြင်ဆင်ရေးကော်မတီ၊ တပ်မတော်နေ့ပြခန်း ခင်းကျင်းပြသရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တော်လှန်ရေးပန်းခြံ မွမ်းမံပြင်ဆင်မှုကော်မတီ၊ မြို့မကွင်း မွမ်းမံပြင်ဆင်ရေးကော်မတီ၊စစ်ကြောင်းများ သက်သာချောင်ချိရေးကော်မတီ၊ လမ်းတစ်လျှောက်စာတမ်းများ၊ဆောင်ပုဒ်များပြင်ဆင်ရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများနှင့်အတူ ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ရေးဆွဲတင်ပြသည့် ပန်းချီကားကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**





● *ကျောဖုံးမှ*

ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ထောက်ပံ့ငွေနှင့် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ဆေးဝါးများကို ရေဘေးဒဏ်သင့် ပြည်သူတစ်ဦးချင်းစီသို့ ထောက်ပံ့ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သဘာဝဘေးဒဏ်သင့်ခဲ့သော ပင်လယ်ကမ်းခြေရှိ ကျေးရွာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြင်စလူမြို့သို့ ရောက်ရှိကြကာ ညအိပ်ရပ်နားကြသည်။

## နေအိမ်အချို့ပျက်စီး

အဆိုပါ ကျေးရွာအုပ်စုတွင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ထန်းပင်ကုန်း၊ မင်္ဂလာသောင်တန်း၊ ကမ်းပျက်သောင်၊ လေယာဉ်ကွင်း ကျေးရွာများသည် သဘာဝဘေးဒဏ်ခံခဲ့ကြရပြီး ထန်းပင်ကုန်းရွာတွင် ဒေသခံပြည်သူ ၁၇ ဦး သေဆုံးကာ နေအိမ်အချို့ ပျက်စီးခဲ့သည်။

တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြင်စလူမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော သဘာဝဘေးဒဏ်သင့် လူနာများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ အားပေးကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့တွင်း လမ်းများအခြေအနေကိုလည်းကောင်း၊ မြို့နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံး၊ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဌာနဆိုင်ရာဝန်ထမ်းများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## နိုင်ငံတော်ကပံ့ပိုးပေးမည်

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့နယ် ကွင်းပေါက်ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရှင်းလင်းဆောင်တွင် ကျေးရွာအုပ်စုအတွင်းမှ ရေဘေးဒဏ်သင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ တိုင်းမှူးနှင့် ဝန်ကြီးတို့က သဘာဝဘေးဒဏ်ဖြစ်ပေါ်မှုအခြေအနေနှင့် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာပစ္စည်းများနှင့် ဆေးဝါးများကို ရေဘေးဒဏ်သင့် ပြည်သူတစ်ဦးချင်းစီသို့ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ကွင်းပေါက်ကျေးရွာအုပ်စုတွင် ကွင်းပေါက်၊ အောင်လှိုင်ကျေးရွာများမှ နေအိမ်အချို့ပျက်စီးကာ ဒေသခံပြည်သူငါးဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

## တစ်ဦးချင်းထောက်ပံ့

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပုသိမ်ခရိုင် ဟိုင်းကြီးမြို့နယ် ကျောက်ကလပ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ရေဘေးဒဏ်သင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က သဘာဝဘေးဒဏ်ဖြစ်ပေါ်မှုအခြေအနေနှင့် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ ဝန်ကြီးဌာနနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ကထောက်ပံ့သည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများကို ရေဘေးဒဏ်သင့် ဒေသခံပြည်သူ တစ်ဦးချင်းစီသို့ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ ကျောက်ကလပ်ကျေးရွာအုပ်စုနှင့် အုတ်တွင်းကျေးရွာအုပ်စုရှိ ကျေးရွာများအနက် ပင်လယ်ကမ်းခြေဒေသရှိ ကျေးရွာများမှ နေအိမ်အချို့ပျက်စီးဆုံးရှုံးခဲ့ပြီး၊ ဇေဒါအိုင်ကျေးရွာနှင့် ကျောက်ကလပ်ကျေးရွာမှ ဒေသခံပြည်သူငါးဦး သေဆုံးခဲ့ကြကြောင်း သိရှိရသည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အဆိုပါဒေသများရှိ သဘာဝဘေးဒဏ်သင့် ဒေသခံပြည်သူများအား ပံ့ပိုးပစ္စည်းခြောက်မျိုးပါ အထုပ်၅၁၇ ထုပ်၊ အနွေးထည်ဝတ်စုံ အထုပ်ရေ ၁၅ ထုပ်နှင့် ထောက်ပံ့ငွေစုစုပေါင်း ၁၅၁၄၅၁၇ ကျပ်ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် အရေးပေါ်ကုသ အသုံးပြုနိုင်မည့် ဆေးဝါးပစ္စည်းစုံပါ ဆေးပစ္စည်းထုပ်ငါးထုပ်နှင့် ရေသန့်ဆေးများကိုလည်းကောင်း၊တိုင်းအေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ထောက်ပံ့ငွေ ကျပ် ၂၁၀၅၀၀၀ အပါအဝင် ဆန်အိတ်၂၅၀၊ စားသုံးဆီ ပိဿာ၁၆၀၊ လူသုံးကုန်နှင့် စားသောက်ဖွယ်ရာပစ္စည်း မျိုးစုံတို့ကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းလုပ်ငန်းများရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၂၈

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများအား မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

## ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အသင်း၏ဖွဲ့စည်းပုံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်း၏လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများကအထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ အသုံးပြုရန် စက်ဘီး ၄၅ စီး၊ အိမ်တွင်းမှုသင်တန်းလက်စွဲစာအုပ်များနှင့် ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များကို ပေးအပ်သည်။ **(သတင်းစဉ်)**

# ဖြူးမြို့ အလက မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ဖြူးမြို့ အုတ်ဖြတ်လမ်း အလယ်တန်းကျောင်းတွင် (၁၉၅၂-၁၉၉၈) ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် (၁၉၅၂-၁၉၈၅) ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသူ၊ ကျောင်းသားဟောင်းများက ၂၀၀၅ ခုနှစ် ဇန်နဝါရီ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဖြူးမြို့ အုတ်ဖြတ်လမ်းရှိ အထက(၂)ခန်းမ၌ ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများအနေဖြင့် ကိုသန်းဝင်း(ဖြူး) ဖုန်း-၀၄၅-၄၀၁၅၂ နှင့် ဦးလှမြင့် (မန္တလေး) ဖုန်း-၀၂-၂၇၁၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**စာမျက်နှာ ၆ မှ**

မြန်မာကျောင်းသားစစ်သည်များ အဖွဲ့နှင့် အခြားအဖျက်သမားအဖွဲ့များ ပူးပေါင်းကြံစည်လုပ်ဆောင်နေကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့အပြင် ပြည်တွင်းရှိအချို့သော နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးစသည့် စကားလုံးများသုံးနေသော်လည်း အကြမ်းဖက်အဖျက်သမားအဖွဲ့များဖြစ်သည့် NCUB၊ ABSDF၊ ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူ ရွက်ဆစ်အဖွဲ့၊ နယ်စပ်ဒေသရှိ အခြားအဖျက်သမားအဖွဲ့များနှင့် ဆက်စပ်ပတ်သက်မှုများ၊ ဆက်သွယ်ဆက်ဆံမှုများနှင့် ပူးပေါင်းလုပ်ဆောင်မှုများရှိနေသည့် သတင်းများကိုလည်း ရရှိထားပါကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။

ဆက်လက်၍မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက တရားမဝင်များကိုသာလျှင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လိုင်စင်မဲ့မော်တော်ယာဉ် လက်ဝယ်ရှိသူများသည် ယာဉ်ကို နီးစပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများသို့ အမြန်ဆုံးအပ်နှံခြင်းသည်သာ အမှန်ကန်ဆုံးနည်းလမ်းဖြစ်ပါကြောင်း တို့ကို အသိပေးရှင်းလင်းခဲ့ပါကြောင်း။ ထိုသို့ ရှင်းလင်းတင်ပြခဲ့ရခြင်းမှာ လိုင်စင်မဲ့ မော်တော်ယာဉ်ပိုင်ဆိုင်သူအချို့သည် လူပုဂ္ဂိုလ်အရေးယူခံရမည်စိုးခြင်း၊ စုံစမ်းစစ်ဆေးမေးမြန်းခံရမည်ကို ကြောက်ခြင်းတို့ကြောင့် လက်ဝယ်ရှိမော်တော်ယာဉ်များကို အခြားသို့ လှူဒါန်းခြင်း၊ အပိုင်းပိုင်းဖြုတ်ပစ်ခြင်းတို့ပြုလုပ်နေသဖြင့် စိုးရိမ်မှုကင်းစွာဖြင့် လိုင်စင်မဲ့ယာဉ်များကို တာဝန်ရှိသူများထံ ယုံကြည်စွာအပ်နှံနိုင်ရေး အချိန်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုသို့ ရှင်းလင်းပြီးနောက်ပိုင်းတွင် အချို့သောပြည်သူများ၏ တာဝန်ပင်ဖြစ်စေနိုင်သည်ကို သတိပြုသင့်ပါကြောင်း။

သို့ဖြစ်၍ နိုင်ငံကြီးသားပီသစွာ ဥပဒေဘောင်အတွင်း အပြစ်ကင်းစင်စွာ နေထိုင်သွားသူများဖြစ်စေရန်အတွက် လိုင်စင်မဲ့မော်တော်ယာဉ်များကို ၂၀၀၅ခုနှစ် မတ် ၃၁ရက် နောက်ဆုံးထားပြီး နီးစပ်ရာ ရဲစခန်းများသို့ ဆက်သွယ်အပ်နှံကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း၊ထိုသို့ ၂၀၀၅ခုနှစ် မတ် ၃၁ရက်မတိုင်မီ လိုင်စင်မဲ့မော်တော်ယာဉ်များကို အပ်နှံပါက မူလကအသိပေး ရှင်းလင်းထားသည့်အတိုင်း ယာဉ်ပိုင်ရှင်၊ယာဉ်မောင်း စသည်တို့ကို တစ်စုံတစ်ရာအရေးယူခြင်း၊မည်သူ့ထံမှဝယ်သည်၊မည်သည့်လမ်းကြောင်းမှတင်သွင်းသည် စသည်တို့ကို စစ်ကြောမေးမြန်းခြင်းမပြုဘဲ ကင်းလွတ်ခွင့်ပေးမည်ဖြစ်ပြီး ယာဉ်များကိုသာ သိမ်းဆည်းသွားမည် ဖြစ်ပါကြောင်း။

လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မိမိတို့အနေဖြင့် တရားဥပဒေကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ မိမိတို့နိုင်ငံအတွင်းသို့ ဥပဒေကိုချိုးဖောက်ကာ တရားမဝင် တင်သွင်းလာသော လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နေသည့် အခြေအနေမှန်များကို ၂၀၀၄ခုနှစ် နိုဝင်ဘာလ၉ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များမှ တစ်ဆင့် ပြည်သူများသိရှိနိုင်စေရန် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

**အချိန်ပေးခဲ့**

နိုင်ငံတော်၏ တည်ဆဲဥပဒေအရ မည်သည့်ယာဉ်ဖြစ်စေ၊ တရားဝင်လိုင်စင်ရှိမှသာ မောင်းနှင်အသုံးပြုခွင့်ရှိသဖြင့် ဥပဒေမဲ့ ရောင်းဝယ်စီးနင်းအသုံးပြုနေကြသည့် လိုင်စင်မဲ့မော်တော်ယာဉ်များကို ၂၀၀၄ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့မှ စတင်သိမ်းဆည်းခဲ့ကြောင်း၊ ထိုသို့ သိမ်းဆည်းရာ၌ အထူးသက်ညှာသည့် အနေဖြင့် ယာဉ်ကိုသာ သိမ်းဆည်းမည်ဖြစ်ပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း စသည့် ပုဂ္ဂိုလ်များအား တစ်စုံတစ်ရာအရေးယူခြင်း၊ မည်သူ့ထံမှဝယ်သည်၊ မည်သည့်လမ်းကြောင်းမှ တင်သွင်းသည် စသည်တို့ကို မေးမြန်းခြင်းမပြုဘဲ ကင်းလွတ်ခွင့်ပေးမည် ဖြစ်ကြောင်း၊ သိမ်းဆည်းပြီးသည့် လိုင်စင်မဲ့ယာဉ်သိသိ ပူးပေါင်းဆောင်ရွက်မှုကြောင့် လုပ်ငန်းစတင်ဆောင်ရွက်ချိန် ၂၀၀၄ ခုနှစ် အောက်တိုဘာလ၃၁ရက်နေ့မှ ယနေ့အထိ လိုင်စင်မဲ့မော်တော်ယာဉ် ၂၉၀၀ကျော်ကို အပ်နှံသိမ်းဆည်းရရှိခဲ့ပါကြောင်း။

**ထုခွဲရောင်းချ**

သို့သော်လည်း တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များ ကျန်ရှိနေသေးသည်ကို သိရှိရပါကြောင်း၊ ထိုတရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်လက်ဝယ်ရှိသူများသည် မိမိတို့က ထိုသို့ သဘောထားကြီးစွာ တစ်စုံတစ်ရာ အရေးယူမှုမပြုဘဲ လိုင်စင်မဲ့ယာဉ်များကိုအပ်နှံကြပါရန် အချိန်ပေး၍ အသိပေးရှင်းလင်းတင်ပြထားခြင်းကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချပြီး ယာဉ်များအပ်နှံခြင်းမပြုရုံမျှသာမက ယာဉ်များကိုထုခွဲရောင်းချခြင်း၊ အပိုင်းပိုင်းဖြုတ်၍ တစ်စစီဖျောက်ဖျက်ပစ်ခြင်း၊ အသင်းအဖွဲ့များ၊ သာသနာရေးဆိုင်ရာ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များသို့ လှူဒါန်းခြင်း၊ အခြားနေရာသို့ စွန့်ပစ်ခြင်းစသည်တို့ကို ယနေ့တိုင် ပြုလုပ်နေကြဆဲဖြစ်သည်ဟုသိရှိရပါကြောင်း။

တရားမဝင် လိုင်စင်မဲ့ယာဉ်များသည်ဥပဒေနှင့်ညီညွတ်သော ယာဉ်ပစ္စည်းများမဟုတ်သဖြင့် လက်ဝယ်ရှိခြင်းမှာပြစ်မှုမြောက်သကဲ့သို့ ထိုပစ္စည်းကို လှူဒါန်းပေးကမ်းခြင်းမှာလည်း စိတ်စေတနာသန့်စင်သော လှူဒါန်းပေးကမ်းမှုမဖြစ်နိုင်သည့်အပြင် အပြစ်

**ယာဉ်ပိုင်ရှင်အရေးယူမည်**

၂၀၀၅ခုနှစ် မတ် ၃၁ရက် နောက်ပိုင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိရပါက ယာဉ်များကို နိုင်ငံပိုင်သိမ်းပြီး ယာဉ်ပိုင်ရှင်ကို ဥပဒေအရ အရေးယူသွားမည်။အသင်းအဖွဲ့၊ သာသနာရေးဆိုင်ရာအဖွဲ့အစည်းများသို့ လှူဒါန်းထားပါက လှူဒါန်းသူနှင့် ယာဉ်ပိုင်ရှင်ကို စိစစ်အရေးယူသွားမည်။ ယာဉ်ကို စွန့်ပစ်ထားခြင်း၊ အပိုင်းလိုက်ဖြုတ်၍ ရောင်းချခြင်း၊ ဖျောက်ဖျက်ထားခြင်းများတွေ့ရှိပါက ထိုသို့ပြုလုပ်သူနှင့် ယာဉ်ပိုင်ရှင်အား အရေးယူသွားမည် ဖြစ်ကြောင်းကို အသိပေးရှင်းလင်းတင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်သဖြင့် မြန်မာနိုင်ငံဒေသအချို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ဒီဇင်ဘာလ ၂၆ရက် မြန်မာစံတော်ချိန် နံနက်၇နာရီ ၃၂မိနစ် ၄စက္ကန့်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၏ အနောက်မြောက်ဘက်မိုင် ၁၀၀၀ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားအလွန်ပြင်းထန်သော မြေငလျင်တုန်လှုပ်ခဲ့ပြီး နောက်ပိုင်းတွင် ကပ္ပလီပင်လယ်ပြင်အတွင်း၌ အင်အားရစ်ချ်တာစကေး ၆ဒသမ၀ခန့်ရှိသည့် မြေငလျင် ကိုးကြိမ်ခန့်ဆက်၍ လှုပ်ရှားခဲ့ပါကြောင်း။

ယင်းသို့ မြေငလျင် ကိုးကြိမ်လှုပ်ရှားခဲ့ရာ၌ ရှစ်ကြိမ်မြောက်မြေငလျင်သည် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိပြီး ကိုကိုးကျွန်း၏အနောက်တောင်ဘက် မိုင် ၆၀ခန့်အကွာကို ဗဟိုပြု၍လည်းကောင်း၊ ကိုးကြိမ်မြောက် မြေငလျင်သည် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ ရှိပြီး ကိုကိုးကျွန်း၏တောင်ဘက်မိုင် ၄၀၀ ခန့်အကွာကို ဗဟိုပြု၍လည်းကောင်း လှုပ်ရှားခဲ့ခြင်းဖြစ်ကြောင်း။

အဆိုပါ ငလျင်ဒဏ်ကြောင့် တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအချို့တွင်အဆောက်အအုံအချို့ ပြိုကျပျက်စီးခြင်းနှင့် ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်ဖုံးလွှမ်းခြင်းများ ဖြစ်ပွားခဲ့ပါကြောင်း၊ နောက်ဆုံးရရှိသည့် သတင်းများအရ အဆောက်အအုံ ၁၃၈လုံး ပျက်စီးပြီး ၇၇၈ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ လူ၃၆ဦးသေဆုံးပြီး ၄၅ဦး ဒဏ်ရာရရှိကာ ၁၄ဦးပျောက်ဆုံးလျက်ရှိသည်ဟု သိရှိရပါကြောင်း။

ဧရာဝတီတိုင်းအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားသော ဒေသများသို့ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စိန်ထွားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့်အဖွဲ့ ယမန်နေ့ နံနက်ပိုင်းက သွားရောက်ကွင်းဆင်း ကြည့်ရှုပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အတူ သက်ဆိုင်ရာပြည်နယ်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများကလည်း မိမိတို့ဒေသအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားသော ဒေသများသို့သွားရောက်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

မြေငလျင်၏ ဗဟိုချက်သည် ကပ္ပလီပင်လယ်ပြင်အတွင်း ရွေ့လျားတုန်လှုပ်နေသည့်သဘောရှိနေပြီး မြေငလျင်ကြီးများ တုန်လှုပ်ပြီးသည့်အခါ မြေငလျင်ကြောတစ်လျှောက်အားပျော့သည့်နေရာအချို့တွင် သုံးရက်ခန့် ငလျင်ငယ်များ လှုပ်လေ့ရှိသည်ဟု သိရှိရပါကြောင်း။

မြေငလျင်များ၏ အရှိန်ကြောင့် ကပ္ပလီပင်လယ်ပြင်နှင့်ဆက်စပ်လျက်ရှိသော ကမ်းရိုးတန်းဒေသများတွင် ငလျင်ဒီရေများ တက်လာနိုင်ကြောင်း၊ အလားတူ ကုန်းတွင်းပိုင်းဒေသများမှလည်း ငလျင်လှုပ်ရှားမှုကို သတိပြုမိနိုင်ကြောင်း၊ မြေငလျင်လှုပ်နိုင်ကြောင်း ကြိုတင်သတိပေးထုတ်ပြန်ချက်ကို မည်သည့်နိုင်ငံတွင်မှ မဆောင်ရွက်နိုင်သေးပါကြောင်း။

သို့ဖြစ်ရာ မိမိတို့ပြည်သူများအနေဖြင့် ငလျင်လှုပ်သည့်အခါ အဆောက်အအုံများနှင့်ကင်းလွတ်သည့်နေရာမျိုးသို့ ရှောင်တိမ်းကြရန်၊ ပြိုလဲပြုတ်ကျမည့်ပစ္စည်းများ၏ အန္တရာယ်ကို သတိပြုကြရန်၊ အဆောက်အအုံများရှိ မီး၊ လျှပ်စစ်များကို ငြိမ်းသတ်ထားကြရန်၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့များအနေဖြင့် သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်များအတွင်း အမြန်ဆုံးအကူအညီပေးနိုင်ရေး စီစဉ်ပေးထားကြရန်နှင့် ကောလာဟလ သတင်းများကို မယုံကြည်ကြရန် သက်ဆိုင်ရာက တိုက်တွန်း နှိုးဆော်ထားပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသည့်သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များက သိလိုသည်များကိုမေးမြန်းကြရာဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများကပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၅ နာရီ ၄၅ မိနစ်တွင်ရုပ်သိမ်းလိုက်သည်။

**မှတ်တမ်းဓာတ်ပုံများကြည့်ရှု**

သတင်းစာရှင်းလင်းပွဲအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များသည် ခန်းမအတွင်းပြသထားသော အဖျက်အမှောင့် လှုံ့ဆော်စာများ၊ ဖြန့်ဝေရန်စီစဉ်ခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများနှင့် လှုံ့ဆော်စာများ၊ ဘားအံမြို့ အောင်သံလွင် အားကစားကွင်းရှေ့ရှိ မျောက်မင်းအားကစားပစ္စည်းအရောင်းဆိုင်အတွင်း ဗုံးပေါက်ကွဲမှုမှတ်တမ်းဓာတ်ပုံများ၊ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဇော်ဂျီဟောက်စ်စားသောက်ဆိုင် ဗုံးပေါက်ကွဲမှုမှတ်တမ်းဓာတ်ပုံများ၊ ရန်ကုန်ဘုတာကြီးဝန်းကျင် ဗုံးပေါက်ကွဲမှုနှင့် မပေါက်ကွဲသေးသော ဗုံးများဖော်ထုတ်ရရှိမှုမှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၄ခုနှစ်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် သတင်းမှတ်တမ်းများ၊ ၁-၁၀-၉၉ ရက်နေ့က ထိုင်းနိုင်ငံရှိ မြန်မာသံရုံးကို အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးပုံ မှတ်တမ်းဓာတ်ပုံများ၊ စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်များအဖွဲ့ (VBSW)၏ အကြမ်းဖက်လုပ်ဆောင်ချက်များနှင့် ထိုင်းနိုင်ငံတွင် အခြေစိုက်သော Aitasean-Burma ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**



**'ဇော်ဂျီဟောက်စ်'စားသောက်ဆိုင် ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။** (သတင်းစဉ်)

## ဆေးတက္ကသိုလ်(၂) ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အသင်းဝင်များဖြစ်ကြသော ၁၉၈၀-၈၅ခုနှစ် ဆေးတက္ကသိုလ်(၂) ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ပထမအကြိမ်ဆရာကန်တော့ပွဲကို၂၀၀၅ခုနှစ် ဇန်နဝါရီ ၈ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## လုံးချင်းနှစ်ထပ်တိုက်များ မိတ်ဆက်ရှင်းလင်းပြသ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် LAND-MARK Construction Co.,Ltd. ကတည်ဆောက်လျက်ရှိသော အောင်ဇေယျမြို့တော်အိမ်ရာတွင် လုံးချင်းနှစ်ထပ်တိုက်များ မိတ်ဆက်ရှင်းလင်းပြသပွဲကို ယမန်နေ့နံနက်ကကျင်းပရာ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မန်နေဂျင်းဒါရိုက်တာ ဒေါ်ညွန့်ယဉ်ဝင်းက အထူးအစီအစဉ်ဖြင့်ရောင်းချမှုကို ရှင်းလင်းပြောကြားသည်။

ယင်းအိမ်ရာသည် လှိုင်သာယာမြို့၊ အင်းစိန်-ညောင်တုန်း ခြောက်လမ်းသွားလမ်းမကြီးနှင့်ကျန်စစ်သားလမ်းမကြီးတို့ပေါ်တွင်တည်ရှိပြီး ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားတို့မှ ဖြတ်သန်းသွားရောက်နိုင်သည်။ ရောင်းချလျက်ရှိသောတိုက်များမှာ RC နှစ်ထပ်တိုက်ဖြစ်ပြီး ဘုရားခန်း၊ အိပ်ခန်းသုံးခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖို၊ ကြွေပြားကပ်ပြီး အပေါ်ထပ်၊ အောက်ထပ်၊ ရေချိုးခန်း၊ အိမ်သာနှစ်ခန်း၊ ဝရန်တာတို့ပါဝင်သည်။(**အောက်ပုံ**) ကြမ်းခင်းဧရိယာ ၁၃၂၄စတုရန်းပေ၊ မြေကွက်အကျယ်ပေ၄၀ X ပေ၆၀ရှိပြီး အရစ်ကျငွေချေနိုင်ကြောင်းသိရသည်။ စက်မှုမြို့တော် လှိုင်သာယာမြို့လယ်တွင်တည်ရှိကြောင်းနှင့်စိတ်ပါဝင်စားသူများအနေဖြင့် အရောင်းဌာနစိတ်၊ စီမံကိန်းဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်အောင်ဇေယျမြို့တော်အိမ်ရာစီမံကိန်းရုံး ကျန်စစ်သားလမ်း အောင်မြေသာယာဘုရားရှေ့ လှိုင်သာယာမြို့တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**



## တရားတော်များဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက်လုံးဆိုင်ရာ မာဃလမ်း မလွန် ဆန်အလှူအသင်း ထောက်မှ (၆)ကြိမ်မြောက်မလွန်ဆန်အလှူတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၅ရက်တွင် အရှင်နန္ဒာသဘ ဆားတောင် ဆရာတော်၊ ဇန်နဝါရီ ၆ရက်တွင် အရှင်မဟောသဓ ပဏ္ဍိတ သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ ဇန်နဝါရီ ၇ရက်တွင် အရှင်ဆေကိန္ဒ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ဇန်နဝါရီ ၈ရက်တွင် တိပိဋကအရှင်သုန္ဒရစွန်းလွန်းနှင့်ဇန်နဝါရီ ၉ရက်တွင် တိပိဋကအရှင်သီရိန္ဒာဘိဝံသ(ယော) ဆရာတော်တို့က ညစဉ် ၆နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## တိမ်
## အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

## မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၃၀–၁၂–၂၀၀၄(ကြာသပတေးနေ့) |
| ကျင်းပမည့်အချိန် | – | ၁၇း၃၀နာရီ |
| ကျင်းပမည့်နေရာ | – | ကုန်သည်ကြီးများဟိုတယ်(Traders Hotel) ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

(အသင်းဝင်များ မပျက်မကွက် အစည်းအဝေးတက်ရောက်ကြပါရန်)

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း။**

## Job Opportunity

(For Local Service Only)

1. **Human Resources Manager**
- At least 2 years experiences in similar position
- Ages (30-45)years

2. **Sales and Reservation Representative**
3. **Reservation**
- Must have 1-2 years experiences in the same capacity in similar organization
- Should be fluent oral and written English
- Good computer knowledge of Microsoft Office Please send the CV with 2 recent passport photos, labor Registration Card and relevant certificates to the following address before 8th January 2005

**Room (201), Summit Parkview Building**
**No.(350), Ahlone Road, Dagon Tsp, Ygn.**
Email:tharabar(&)myanmarpartners. com.mm







## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ကျွန်မတို့၏သားဖြစ်သူ မောင်ဇာဏီထွန်း ၁၂/အလန(နိုင်)၀၃၇၆၃၆သည် မိဘစကားနားမထောင်ပါသဖြင့် ၂၄–၁၂–၂၀၀၄ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍တာဝန်မယူပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဗလ–ဒေါ်ဆွေဆွေညွန့်။**

## အမြန်ပြန်လာပါ

သားကြီး ဘိဘိ(ဇော်မျိုး) အမေစိတ်ပူနေသည်။ ဦးဇော်ညွန့်နှင့် အမြန်ဆက်သွယ်ပါ။

**ဦးဇော်ညွန့်**
**ဖုန်း–၀၉၅၀၀–၂၁၅၀။**

## သားလေးရှင်းသန့်အောင် [G.7,B.E.H.S(2) Kamayut]

(၂၉-၁၂-၂၀၀၄)

မွေးနေ့ပေါင်းများစွာကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ။

ပါးပါး၊ မေမေ။

## Precious

### ရှင်းသန့်အောင်အတွက် မွေးနေ့ဆုမွန်လွှာ

Precious (or) ရှင်းသန့်ရဲ့မွေးနေ့တွင် ကျန်းမာချမ်းသာ၍ ပညာဉာဏ်များတိုးတက်ပြီး တိုင်းပြည်အကျိုးကို အစဉ်ထမ်းဆောင်နိုင်သော သားကောင်းရတနာဖြစ်ပါစေရန် ဆုမွန်ကောင်းတောင်းလျက်-

| | | |
|---|---|---|
| မမ | - | မေအင်ကြင်းကိုကိုအောင် |
| မမ | - | ရွှန်းလဝန်းသန့် |
| ညီလေး | - | သန့်ထက်အောင်၊ သွင်ထူးအောင်၊ ဘုန်းလက်ျာ၊ အေးချမ်းစိုး၊ ပိုင်ခန့်စိုး၊ ညီမင်းထွန်း။ |














## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၂၂/က)၊ တိုက် (၂)နေ
ဒုတိယဗိုလ်မှူးကြီးသန်းလွင်(မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)–ဒေါ်ခင်မိမိနိုင်
တို့၏ သားကြီး

**မောင်ဇာနည်လွင်**
**B.Sc(Environmental Studies), E.G.T.I(M.P)**

နှင့်

သထုံမြို့၊ ဆေးရုံလမ်း၊ အမှတ် ၁၀၇ နေ
ဦးကြည်လှ(ခ)John (ရော်ဘာခြံလုပ်ငန်း)–ဒေါ်မြင့်မြင့်လှိုင်
တို့၏ သမီးငယ်
ဦးလှရီ(အထွေထွေမန်နေဂျာ၊မြန်မာ့မီးရထားရုံးချုပ်)–ဒေါ်သန္တာကြည်
တို့၏ သမီးတူမ

**မဝင့်ဝင့်စံ(ခ)Sweety**
**B.Sc(Zoology)**

တို့၏ ၂၅–၁၂–၂၀၀၄ ရက် IBC ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် တက်ရောက် ချီးမြှင့်ပေးသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ဗိုလ်ချုပ်ကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်စမ်းသိန်းအား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တက်ရောက်ချီးမြှင့်ကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ဇနီး ဒေါက်တာဒေါ်ဝေဝေသာ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့်ဇနီး ဒေါ်မူမူမြင့်၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများ အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများအား လည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇာနည်လွင်–မဝင့်ဝင့်စံ(ခ)Sweety ။**



# လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို ညောင်တုန်း အောင်ရတနာ ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၃၆ သိန်းကျော် အကုန်အကျခံဆောင်ရွက်

ညောင်တုန်း ဒီဇင်ဘာ ၂၆

**(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ညောင်တုန်းမြို့ အမှတ်(၈)ရပ်ကွက် အောင်ရတနာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပသည်။**

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က အောင်ရတနာလမ်း တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က အောင်ရတနာလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ အောင်ရတနာ ကတ္တရာလမ်းမှာ အကျယ် ၁၂ ပေ၊ အရှည် ပေ ၁၂၀၀ ရှိပြီး နိုင်ငံတော်မှ ထောက်ပံ့ငွေ ၃၆ ဒသမ ၅ သိန်း အကုန်အကျခံကာ ကတ္တရာခင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(ဝ၉၈)**





# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



**ဒီဇင်ဘာ ၁ ရက်က ဘုတလင်မြို့နယ် ကံဘဲ့ကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေတွင်းတူးစက်ဖြင့် ရေရရှိမှု ဆောင်ရွက်ကြသည်ကို တွေ့ရစဉ်။** (၂၅၄)

# လေးထောင့်ကန်စံပြကျေးရွာ စာကြည့်တိုက်ဖွင့် အလှူငွေ၊ ပရိဘောဂနှင့် စာအုပ်မျိုးစုံလှူဒါန်း

**မင်္ဂလာဒုံ ဒီဇင်ဘာ ၂၇**

ကျေးလက်နေ ပြည်သူများ အသိပညာတိုးတက်မြင့်မားရေးအတွက် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သည့် လေးထောင့်ကန်စံပြကျေးရွာ ငွေလဝန်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက်က အဆိုပါကျေးရွာရှိ ငွေလဝန်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံရှေ့ မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌဦးတင်ရီနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကျင်းပရာ ဦးတင်ဝင်း-ဒေါ်ခင်သန်းဝင်း ငွေဇင်ပုလဲရောင်းဝယ်ရေးက အလှူငွေကျပ် ၄၅၀၀၀၀နှင့် သုတရသစာအုပ်မျိုးစုံ ကျပ်၁၀၀၀၀၀ဖိုး၊ ဦးဇော်စိုးသန်း-ဒေါ်စိုးစိုးကြူ(အားမာန်ရောင်းဝယ်ရေး)က အလှူငွေကျပ်၁၅၀၀၀၀၊ သုတရသစာအုပ်မျိုးစုံကျပ် ၆၀၀၀၀ဖိုး၊ ဦးမြသိန်း၊ ဦးကြည်ညီအစ်ကိုတို့က အလှူငွေကျပ် ၁၀၀၀၀၊ ဦးထွန်းနိုင်၊ ဦးအောင်နိုင်စိုးတို့က ကျပ် ၁၀၀၀၀၊ ဦးဝင်းနိုင်ထွန်း-ဒေါ်သီဂီမော်တို့က အလှူငွေကျပ်၁၀၀၀၀နှင့် စာအုပ်မျိုးစုံ အုပ်၃၀၊ ဦးစံတင်-ဒေါ်ဝင်းမိုမိသားစုက တန်ဖိုးငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ ပရိဘောဂပစ္စည်းများ၊ ဦးမြသိန်း (နီလာကဖီး) မိသားစုတို့က စာအုပ်မျိုးစုံ ၂၅အုပ်၊ ဦးအောင်ကျော်ဦးက စာအုပ်မျိုးစုံ ၅၅အုပ်၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ်မျိုးစုံ ၁၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံရယူကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးအုန်းခိုင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# သံတွဲမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များဖွင့်

**သံတွဲ ဒီဇင်ဘာ ၂၀**

သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ သံတွဲမြို့နယ် သစ်ငုတ္တိုကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်က သစ်ငုတ္တိုကျေးရွာရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင့်ရွှေနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းထွန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်ဦးစီးအရာရှိ ဦးတင့်ရွှေက စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် သစ်ငုတ္တိုကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်အုပ်ရေ ၅၀ကို ကျေးရွာစာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းသည်။ အလားတူပင် ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်များက မျှားချောင်း၊ ကြာညိုနှင့် ပုစွန်ဖြေကျေးရွာများတွင်လည်း ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**



**ဒီဇင်ဘာ ၁၇ ရက်က လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကွမ်းခြံအုပ်စု ကွမ်းခြံကျေးလက်အိမ်ရာဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကွင်းဆင်း ကြည့်ရှုကြစဉ်။** (မြို့နယ်ပြန်/ဆက်)



# ပွင့်ဖြူမြို့နယ် တွဲဖက်အလကကျောင်း အလကကျောင်းခွဲအဆင့် တိုးမြှင့်ဖွင့်လှစ်

**ပွင့်ဖြူ ဒီဇင်ဘာ ၁၅**

ပွင့်ဖြူမြို့နယ် ကျောင်းကုန်းရွာ အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းခွဲ အဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ကျောင်းကုန်းရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဘိုးချိုက အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးလှကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်စန်းတို့က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသူ၊ ကျောင်းသားများက ဒို့ကျောင်းတော်ပညာရေးရည်မှန်းချက် တေးသီချင်းများဖြင့် သီဆိုတင်ဆက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် အဖွဲ့ ဒီဇင်ဘာ ၂၂ရက်က မြို့သာယာလှပရေးအတွက် လမ်းဘေးဝဲယာ တစ်လျှောက် အလှပင်များ ရေလောင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာစာကြည့်တိုက်များ ဖွင့်ရေး စာအုပ်များပေးအပ်လှူဒါန်း၊ ထိန်းသိမ်းနည်းဟောပြော

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၀**

ကျောက်ပန်းတောင်းမြို့နယ် တံခါးမကျေးရွာအုပ်စုအတွင်းရှိ တံခါးမ၊ ရွာမ၊ကြံစိုနှင့် ရွာပုကျေးရွာများ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်များပေးအပ်လှူဒါန်းပွဲ၊ စာအုပ်များ စနစ်တကျထိန်းသိမ်းရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက တံခါးမကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးစံမြို့က ဟောပြောဆွေးနွေးပြီး **(အပေါ်ဝဲပုံ)** စာအုပ်များပေးအပ်လှူဒါန်းပွဲ ကျင်းပရာ တံခါးမကျောင်းဆရာတော် ဦးသုရိယက ဗုဒ္ဓဝင် အတွဲငါးတွဲအားပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးစံမြို့က လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**



## တောင်တွင်းကြီးမြို့ မီးဘေးကြိုတင်ကာကွယ်ရေး မြို့မဈေးတွင် လက်တွေ့သရုပ်ပြလေ့ကျင့်

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၂**

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၄ ရက်က မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးညိုဝင်းနှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာနဦးစီးမှူး ဦးခင်မောင်ကိုတို့ ဦးဆောင်ကြီးကြပ်ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် မြို့မမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ယာဉ်လေးစီးဖြင့် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

**(မြို့နယ်စည်ပင်)**

## ပြည်မြို့၌စုပေါင်းလမ်းလျှောက်ပွဲနှင့် စက်ဘီးစီးပြိုင်ပွဲဆုချီးမြှင့်

ပြည် ဒီဇင်ဘာ ၂၂

**ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)က ကြီးမှူးကျင်းပသည့် တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲနှင့် မြို့နယ်ပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် နံနက် ၅ နာရီက ပြည်မြို့ ဗိုလ်ချုပ်ကျောက်ရုပ်ရှေ့တွင် ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း၊ ဇနီး ဒေါ်နိုင်နိုင်မော်တို့ ပါဝင်ဆင်နွှဲကြသည်။** (ဝဲပုံ)

### ရှင်းလင်းတင်ပြ

**ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အင်းရဲလမ်း ကန်သာယာထိပ်ရှိ လမ်းလယ်ကျွန်းမြေနေရာတွင် မြေယာ ရှင်းဆောင်ရွက်ထားမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူးဦးစိုးနိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



### ကြံ့ခိုင်ရေးလေ့ကျင့်

အခမ်းအနားတွင် (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ခေတ္တရာ အားကစားပြိုင်ကွင်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး အားကစားပြိုင်ကွင်းတွင် စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်မှုများ ပြုလုပ်ကြသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် နံနက် ၆ နာရီတွင် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)မြို့နယ်ပေါင်းစုံ မိုင်၅၀ စက်ဘီးစီးပြိုင်ပွဲကို ဆက်လက်ကျင်းပပြီးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**(၄၀၃)**

# အမြို့မြို့ အနယ်နယ် သတင်းများ

**ဒီဇင်ဘာ၁၉ရက်က အမှတ်(၂၄)အခြေခံပညာ မူလတန်းကျောင်း ရွှေပြည်သာမြို့နယ်တွင် မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ကောင်းထက်လေးသွင်အား ကျောင်းအုပ်ဆရာကြီး ဦးတင်ထွဋ်က ဆုချီးမြှင့်စဉ်။** (က-ပ)



## မြစ်ကြီးနားမြို့၌ ရက်ကန်းသင်တန်းဆင်းပွဲကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၃**

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန အခြေခံ ရက်ကန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ပထမအကြိမ် သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အစိုးရ အခြေခံ ရက်ကန်းကျောင်းတွင် ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့၊ ပြည်နယ်သမဝါယမဦးစီးဌာနမှူးနှင့် ကျောင်းအုပ်ကြီး ဦးအုန်းဆင့်တို့က သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။ သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုဆုချီးမြှင့်ငွေများကို ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



## တောင်ငူမြို့အထက(၆) အာစရိယပူဇော်ပွဲ ကျောင်းသား ကျောင်းသူဟောင်းများပါဝင်လှူဒါန်းနိုင်

**တောင်ငူ ဒီဇင်ဘာ ၂၀**

တောင်ငူမြို့ အထက(၆) ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) တွင် တောင်ငူမြို့ အထက(၆)ကျောင်းတော်ဆောင်၌ ကျင်းပမည် ဖြစ်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဗိုလ်မှူးအောင်ဝင်း (စက်ရုံမှူး) အုတ်တွင်း သကြားစက် ဖုန်း-၂၃၉၁၉၊ ဦးမြင့်အောင် (ပွဲရုံ) ဖုန်း-၂၁၀၃၃၊ ၂၁၃၂၉၊ ဗိုလ်ကြီးအောင်မိုး (ငြိမ်း) ဖုန်း-၂၄၆၁၇၊ ဦးလွင်အေး(ရပ်စုံကမ္ဘာဈေးကြီး) ဖုန်း-၂၄၀၃၀ Ex ၂၄၅၊ ဒေါ်ခင်သူ အထပြ[အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း] ဖုန်း-၂၄၄၀၈ နှင့် ဦးစိန်ဝင်း (စိန်ရတနာရွှေဆိုင်) ဖုန်း-၂၄၅၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

**အောက်တိုဘာ ၂၄ ရက်က မန်စီမြို့နယ် မိုင်းခေါင်ကျေးရွာ အထက(ခွဲ)တွင် နိုင်ငံသားအရည်အချင်းပြည့်မီသော ကျောင်းသူ၊ ကျောင်းသားများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ရာ မြို့နယ်ဦးစီးအရာရှိ ဦးမျိုးမြင့်ဝင်းက ကျောင်းအုပ်ဆရာကြီး ဦးမြင့်ထူးသို့ပေးအပ်စဉ်။**

(က-ပ)



### ကွင်းဆင်းကြီးကြပ်

**ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများကို ကတ္တရာလမ်း ဖြစ်မြောက်ရေးအတွက် စီမံချက်ချဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၆ရက်က ရှမ်းကုန်း ကြေးနန်းတန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။** (၃၂၉)



## လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဆင်း

**ပျဉ်းမနား ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၈/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၄ ရက် နံနက် ၁၀ နာရီက ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမတွင် ကျင်းပရာ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

**(၁၀၁)**

# နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီညှိနှိုင်းစည်းဝေး လုံခြုံရေးဂရုပြုဆောင်ရွက်ရန် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၈

**၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

ယင်းညှိနှိုင်းအစည်းအဝေးသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဝင် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အလေးထားဆောင်ရွက်

ရှေးဦးစွာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ကော်မတီများနှင့် လုပ်ငန်းကော်မတီများက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကိုလည်း တင်ပြကြစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ကြရာတွင် လုံခြုံရေးကို ဂရုပြုအလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို ကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသန်းစိုးက ဖတ်ကြားတင်ပြသည်။

***စာမျက်နှာ ၁၂ ကော်လံ ၁*** ■

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ မြန်မာ့အလင်း ဂုဏ်ပြုကြိုဆို

❐ "နိုးကြားအသင့်ရှိကြစေ"

ဦးအောင်မွန်(မဟာဝိဇ္ဇာ)၏ ကဗျာ (စာ-၃)

❐ "နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်နေသော စက်မှုဇုန်များ"

ခေတ်ပုံမှတ်တမ်း (စာ-၇)

❐ "တောင်သူလယ်သမား အရေးတော်ပုံသည် နယ်ချဲ့ဆန့်ကျင်ရေး၊ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် များစွာ အရေးပါ ထိရောက်ခဲ့သည်။ တောင်သူလယ်သမား အရေးတော်ပုံမှသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားကို တိုးပွားရရှိခဲ့သည်။"

သုအောင်(အောင်လံ)၏ ဆောင်းပါး (စာ-၈၊၉)

**ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ပုသိမ်ခရိုင် ဟိုင်းကြီးမြို့ ကျောက်ကလပ် ကျေးရွာ၌ သဘာဝဘေးဒဏ်သင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ် ထောက်ပံ့စဉ်။** (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဧရာဝတီတိုင်းအတွင်း သဘာဝဘေးဒဏ်သင့်ဒေသများစစ်ဆေး ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများပေးအပ်



ရန်ကုန် ဒီဇင်ဘာ ၂၈

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် ဧရာဝတီတိုင်းအတွင်း တောင်ဘက်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် နေရာဒေသအချို့တွင် ဒီဇင်ဘာ ၂၆ ရက်ကဖြစ်ပေါ်ခဲ့သည့် မြေငလျင်ကြောင့် ပင်လယ်ရေ ရုတ်တရက်မြင့်တက်လာပြီး သဘာဝဘေးဒဏ်ခံခဲ့ရသည့်ဒေသများသို့ ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။**

ရှေးဦးစွာ တိုင်းမှူး၊ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြောင်းမြခရိုင် ပြင်စလူမြို့နယ် ကုန်းကြီးကျေးရွာအုပ်စုရှိ ထန်းပင်ကုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအခြေခံပညာ မူလတန်းကျောင်းရှေ့၌ ရေဘေးဒဏ်သင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က သဘာဝဘေးဒဏ်ဖြစ်ပေါ်မှုအခြေအနေနှင့် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

***စာမျက်နှာ ၁၂ ကော်လံ ၁*** ●

# နိုင်ငံတော်အစိုးရက ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို တိုင်းရင်းသားပြည်သူများနှင့် လက်တွဲကြိုးပမ်းတည်ဆောက်နေချိန် မိမိတို့အသင်းကြီးကလည်း မိတ်ဖက်လူမှုအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ အင်တိုက်အားတိုက်ပါဝင်ကူညီဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဆရာဝန်များအသင်း၊ သူနာပြုအသင်းခွဲ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကြက်ခြေနီအသင်းနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ထူးချွန်လူငယ် ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

***စာမျက်နှာ ၁၁ ကော်လံ ၁*** ❐